မန္တလေး နေ့စဉ်
The Mandalay Daily
၁၉၉၇ ခုနှစ် ဖြိုင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၃၂၇)၊ ၁၃၈၇ ခုနှစ် ၊ တန်ဆောင်မုန်းလဆန်း ၁၀ ရက် ၊ ၃၀-၁၀-၂၀၂၅၊ ကြာသပတေးနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည်သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၂၅ ခုနှစ် မဟာဘုံကထိန် အလှူတော်မင်္ဂလာ အခမ်းအနားကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၉

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၂၅ ခုနှစ် မဟာဘုံကထိန်အလှူတော်မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) အနော်ရထာခန်းမ၌ ဆင်ယင်ကျင်းပပြုလုပ်ရာ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်၍ ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

တက်ရောက်

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယက၊ ဓမ္မသမိဒ္ဓိကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တ ဝါသေဋ္ဌာဘိဝံသနှင့် ဥပ္ပါတသန္တိစေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်ကြီးများ အမှူးပြုသည့် ပင့်ဖိတ်ထားသော ဆရာတော်ကြီး ၂၇ ပါး ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့နှင့်အတူ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကော်မရှင်အဖွဲ့ဝင်

စာမျက်နှာ ၃ သို့ ❖



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ကထိန်ခံ နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းကန်ဦးကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိလာသထံ ကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် အောက်တိုဘာ ၂၉

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာအနှံ့အပြား၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။

မိုး/ဇလ

၂၀၂၅ ခုနှစ် ၊ အောက်တိုဘာ ၃၀ ရက် ၊ ကြာသပတေးနေ့ ။

မန္တလေး

# ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို အရှိန်မြှင့်တင်ဆောင်ရွက်လျက်ရှိ

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟောင်ကောင်အထူးအုပ်ချုပ်ခွင့်ရဒေသအစိုးရအဖွဲ့ ပတ်ဝန်းကျင်နှင့် ဂေဟစနစ်ဆိုင်ရာဝန်ကြီးဌာန ဝန်ကြီး H.E. Mr. TSE Chinwan ၏ ဖိတ်ကြားချက်အရ ဟောင်ကောင်အထူးအုပ်ချုပ်ခွင့်ရဒေသ Hong Kong Asia World-expo ၌ အောက်တိုဘာ ၂၈ ရက်မှ ၃၀ ရက်အထိ ကျင်းပသည့် အကြိမ် (၂၀)မြောက် Eco Expo Asia 2025 သို့ ပါဝင်တက်ရောက်ခဲ့သည်။ ဟောင်ကောင်အထူးအုပ်ချုပ်ခွင့်ရဒေသအစိုးရအဖွဲ့ပတ်ဝန်းကျင်နှင့် ဂေဟစနစ်ဆိုင်ရာ ဝန်ကြီးဌာန ဝန်ကြီး H.E. Mr. TSE Chinwan က အဖွင့်မိန့်ခွန်းပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံသည် ဇီဝမျိုးစုံမျိုးကွဲများ၊ သစ်တောများ၊ သဘာဝအရင်းအမြစ်များ ပေါကြွယ်ဝပြီး ဂေဟစနစ် အခြေပြုဖွံ့ဖြိုးရေးဆိုင်ရာ အခွင့်အလမ်းများစွာရှိကြောင်း၊ အာရှဒေသတွင်း နိုင်ငံများနည်းတူ ကြီးမားသည့် ပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများကို ရင်ဆိုင်နေရပါကြောင်း၊ ၄င်းစိန်ခေါ်မှုများကို လျှော့ချနိုင်ရေးအတွက် မြန်မာနိုင်ငံတွင် ခိုင်မာသော မူဝါဒ၊ မဟာဗျူဟာနှင့် လုပ်ငန်းအစီအစဉ်များကို ရေးဆွဲချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုရရှိရေးအတွက် ရာသီဥတုပြောင်းလဲမှု လျှော့ချရေးနှင့် ကာဗွန်မျှခြေရရှိရေးဆိုင်ရာ ခိုင်မာသည့် မူဝါဒနှင့် မဟာဗျူဟာ အစီအစဉ်များ ချမှတ်ပြီး ဆောင်ရွက်လျက်ရှိကြောင်း၊ ပါရီသဘောတူညီချက်အရ အမျိုးသားအဆင့် ရာသီဥတုပြောင်းလဲမှု လျော့ချရေးနှင့် လိုက်လျောညီထွေဖြစ်စေရေး လုပ်ငန်းအစီအစဉ် (NDCs) ကို ၂၀၂၁ ခုနှစ်တွင် တင်ပြခဲ့ပြီး ၂၀၃၀ ပြည့်နှစ် ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေးရည်မှန်းချက်များ ရရှိရေးအတွက် သဘာဝအခြေပြုဖြေရှင်းနည်းလမ်းများ (Nature-based Solutions) ဖြစ်သည့် အမြဲတမ်း သစ်တောနယ်မြေများ၊ သဘာဝထိန်းသိမ်းရေးနယ်မြေများ၊ သစ်တောစိုက်ခင်းများ တိုးမြှင့်တည်ထောင်လျက်ရှိကြောင်း၊ နိုင်ငံတော်၏ စွမ်းဆောင်ရည် နှင့်အညီ NDC 3.0 ကို ဖော်ဆောင်လျက်ရှိပါကြောင်း၊ ပြည်သူလူထုပူးပေါင်းပါဝင်သည့် အစိမ်းရောင်ဖွံ့ဖြိုးရေးကမ်ပိန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

မြန်မာနိုင်ငံတွင် သဘာဝအရင်းအမြစ်များအား အကျိုးရှိစွာ အသုံးပြုမှုကို ဦးစားပေးသည့် ကာဗွန်ထုတ်လွှတ်မှုနည်းသော၊ တာဝန်ရှိသော ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ရန်အတွက် အစိမ်းရောင်စီးပွားရေးမူဝါဒမူဘောင်ကိုလည်း ရေးဆွဲလျက်ရှိသည်။

ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် စွန့်ပစ်ပစ္စည်းထွက်ရှိမှုတိုးလာခြင်းကို တုံ့ပြန်သည့်အနေဖြင့် မြန်မာနိုင်ငံတွင် မြန်မာနိုင်ငံ အမျိုးသားအဆင့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုမဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်(၂၀၁၈-၂၀၃၀)နှင့် ပလတ်စတစ်ညစ်ညမ်းမှုကို ကိုင်တွယ်ဖြေရှင်းရန်အတွက် မြန်မာနိုင်ငံတွင် အမျိုးသားအဆင့် ပလတ်စတစ် စီမံခန့်ခွဲမှုလုပ်ငန်းအစီအစဉ်(၂၀၂၆-၂၀၃၅)ကို ရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံ၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို ဆက်လက်အရှိန်မြှင့်တင်ဆောင်ရွက်နိုင်ရေးနှင့် ဒေသတွင်း ပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများကို ဖြေရှင်းနိုင်ရေးအတွက် ဒေသတွင်းနှင့် နိုင်ငံတကာမိတ်ဖက်များဖြင့် အမြဲပူးပေါင်းဆောင်ရွက်ရန် အသင့်ရှိပါကြောင်း ပြောကြားသည်။

ဟောင်ကောင်၏ မဟာဗျူဟာနှင့် ရာသီဥတုဒဏ်ခံနိုင်ရည်ရှိရေးအတွက် ဆောင်ရွက်နေသော အစိမ်းရောင် ရင်းနှီးမြှုပ်နှံမှုများ၊ ကာဗွန်မျှခြေရရှိရေးနှင့် ပတ်လည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု၊ အစိမ်းရောင်အဆောက်အအုံများ ဖွံ့ဖြိုးရေးနှင့် စွမ်းအင်ချွေတာရေး၊ ကာဗွန်ဈေးကွက် ဖွံ့ဖြိုးရေးနှင့် ဟိုက်ဒရိုဂျင်စွမ်းအင် အခြေပြုပို့ဆောင်ရေးကဏ္ဍဖွံ့ဖြိုးရေး၊ စွန့်ပစ်ပစ္စည်းများမှ စွမ်းအင်ထုတ်လုပ်သုံးစွဲရေး စသည့် အကြောင်းအရာများပါဝင်သော နည်းပညာ နှီးနှောဖလှယ်ပွဲ ကျင်းပခဲ့ခြင်းဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

## တနင်္သာရီတိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး
အမိန့်အမှတ်၊ ၄၇ / ၂၀၂၅
၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၉ ရက်
(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်)

**တနင်္သာရီတိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇၊ ပုဒ်မခွဲ(ခ)အရ ကြည်း ၃၁၆၆၇ ဗိုလ်မှူးကြီး သိန်းဇော်မြင့် အား တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
အမှုဆောင်ချုပ်

## ၂၉ - ၁၀ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉ . ၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၅၉၇၀၀၀၀ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)
ရည်ညွှန်းဈေး
သတ်မှတ်ရေးကော်မတီ

## တိုင်းရင်းဆေးကုဌာနမှ နယ်လှည့်ကွင်းဆင်းကျန်းမာရေးစောင့်ရှောက်မှုပေး

**မြစ်သား အောက်တိုဘာ ၂၉**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်၊ ဘူတာရပ်ကွက်ရှိ အခြေခံပညာမူလတန်းကျောင်းတွင် ကျောင်းသား၊ ကျောင်းသူများအား တိုင်းရင်းဆေးကုဌာနမှ နယ်လှည့် ကွင်းဆင်းကျန်းမာရေး စောင့်ရှောက်ပေးမှုကို ယနေ့နံနက် ၉ နာရီ က အဆိုပါ ကျောင်းတွင် ကုသပေးခဲ့သည်။

မြို့နယ်တိုင်းရင်းဆေးကုဌာနမှ မြို့နယ်တိုင်းရင်းဆေးမှူး ဒေါ်စိုပြေဝင်းက ကျောင်းသား၊ ကျောင်းသူများကို တစ်ကိုယ်ရေသန့်ရှင်းရေး၊ သွေးလွန်တုပ်ကွေးရောဂါအကြောင်းနှင့် မိုးရာသီတွင် အဓိကဖြစ်ပွားတတ်သော နှာစေးချောင်းဆိုးခြင်း၊ အစာမကြေခြင်း၊ သဲဝဲစားခြင်းနှင့် အရေပြားရောဂါများကို ကုသပေးခြင်း၊ သောက်ဆေးပေးခြင်း၊ လိမ်းဆေးပေးခြင်းများကို ကျောင်းသား၊ ကျောင်းသူ ၁၁၇ ဦးအား ကုသပေးခဲ့သည်။

မြစ်သားမြို့နယ် တိုင်းရင်းဆေးကုဌာန မြို့နယ်တိုင်းရင်းဆေးမှူးနှင့် ဝန်ထမ်းများက ကွင်းဆင်းကုသပေးပြီး မြို့ပေါ်ရှိ စာသင်ကျောင်းများနှင့် ကျေးရွာများရှိ စာသင်ကျောင်းများကိုလည်း သတ်မှတ်ရက်များအလိုက် နယ်လှည့်ကွင်းဆင်း ကုသပေးသွားမည်ဖြစ်ကြောင်း မြို့နယ်တိုင်းရင်းဆေးကုဌာနမှ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

ဝါဝါမြင့်(မြစ်သား)

၀-၀-၀-၀-၀
၀-၀-၀

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး အောက်တိုဘာ ၂၉**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိရာ ယနေ့ နံနက်ပိုင်းက မဟာအောင်မြေမြို့နယ်၊ တံမျက်စည်းစုရပ်ကွက် ၄၂ လမ်း၊ ၆၂ လမ်းနှင့် ၆၃ လမ်းကြား၊ မွှာရုံရှေ့နှင့် ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ ၁၁၈ လမ်း၊ ၇၂ လမ်းနှင့် ၇၃ လမ်းကြားတို့တွင် ရောင်းချပေးခဲ့သည်။

သက်သာဈေးရောင်းချမည့် အစီ အစဉ်များကို အောက်တိုဘာ ၃၀ ရက်တွင်အမရပူရမြို့နယ်၊ မြစ်ငယ်ရပ်ကွက်၊ အောင်သပြေ မွှာရုံ၊ ရွာလယ်လမ်းတွင် လည်းကောင်း၊ အောက်တိုဘာ ၃၁ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံရပ်ကွက်၊ ၂၇ လမ်း၊ ၇၁ လမ်းနှင့် ၇၂ လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ MIIT ကျောင်းရှေ့၊ ၇၃ လမ်း၊ ၁၀၇ လမ်းနှင့် ၁၀၈ လမ်းကြားတို့တွင်လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှု အစီအစဉ်ကို မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် စီးပွားရေး ရာဝန်ကြီး ဦးသိန်းငွေးနှင့် တာဝန်ရှိသူများ၊ ဈေးနှင့် သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(အောက်ပုံ)**

**(မန္တလေးနေ့စဉ်-၆)**




**သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား mdydailynewspaper@gmail.com မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချီရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

## ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာ မဟုတ်

ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာ မဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာမဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှုန်သမျှကိုတော့ အာဏာကုန်နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



❖ရှေ့ဖုံးမှ

ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့်ဇနီး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများနှင့် ဇနီးများ၊ အရာရှိ၊ စစ်သည်များ တက်ရောက်ကြသည်။

### ဆက်ကပ်လှူဒါန်း

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ ဧည့်ပရိသတ်များသည် ဘုန်းတော်ကြီးကျောင်း အသီးသီးသို့ လှူဒါန်းရန် ခင်းကျင်းပြင်ဆင်ထားသည့် ကထိန်လျာသင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် ပဒေသာပင်များအား လှည့်လည်ကြည့်ရှုကြသည်။ ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် အနော်ရထာခန်းမအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို၍ မြသပိတ်ဆွမ်းတော်နှင့် ပန်း၊ သောက်တော်ရေချမ်း၊ ဆီမီး၊ သစ်သီးတို့ကို ဆက်ကပ်လှူဒါန်းသည်။

### ကိုးပါးသီလခံယူဆောက်တည်

ယင်းနောက် အစီအစဉ်အရ မဟာဘုံကထိန်အလှူတော်မင်္ဂလာ အခမ်းအနားကို "နမောတဿ" သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး သန်လျင်မင်းကျောင်းဆရာတော်ကြီးထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော်ကြီးများ ရွတ်ပွားချီးမြှင့်တော်မူသည့် မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြပြီး နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့က ကထိန်ခံ နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းကန်ဦးကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဝိလာသထံ ကထိန်လျာသင်္ကန်းကိုလည်းကောင်း၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော်ကြီးထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကိုလည်းကောင်း ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်ဇနီးတို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့

စာမျက်နှာ ၄ သို့



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ဘုန်းတော်ကြီးကျောင်းအသီးသီးသို့ လှူဒါန်းရန် ခင်းကျင်းပြင်ဆင်ထားသည့် ကထိန်လျာသင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် ပဒေသာပင်များအား လှည့်လည်ကြည့်ရှုစဉ်။



### မော်တော်ယာဉ်များဖြင့် လှည့်လည်

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၂၅ ခုနှစ် မိသားစုမဟာဘုံကထိန်အလှူတော်အဖြစ် လှူဒါန်းထားသည့် ပဒေသာပင်များအား မော်တော်ယာဉ်များဖြင့် လှည့်လည်စဉ်။





နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို၍ မြသပိတ်ဆွမ်းတော်နှင့် ပန်း၊ သောက်တော်ရေချမ်း၊ ဆီမီး၊ သစ်သီးတို့ကို ဆက်ကပ်လှူဒါန်းစဉ်။

*စာမျက်နှာ ၃ မှ*

မစိုးရိမ်တိုက်သစ် ဆရာတော်ကြီးထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ ကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် ဇနီးများက ဆရာတော်၊ သံဃာတော်များထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ ဧည့်ပရိသတ်များသည် ရေဆင်းကန်ဦးကျောင်းတိုက်မှ ဆရာတော်နှစ်ပါးတို့ထံမှ ကထိန်အမေးအဖြေများကို နာယူကြည်ညိုကြသည်။

**ရေစက်သွန်းလောင်း အမျှပေးဝေ**

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် ဆရာတော်ကြီးထံမှ ကထိန်အနုမောဒနာ တရားနာယူကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

**နေ့ဆွမ်းဆက်ကပ်လှူဒါန်း**

ယင်းနောက် အခမ်းအနားကို "ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းကြပြီး

*စာမျက်နှာ ၅ သို့*





နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှနှင့် ဧည့်ပရိသတ်များက သန်လျင်မင်းကျောင်းဆရာတော်ကြီးထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် ဆရာတော်ကြီးထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့်ဇနီး ဆရာတော်ထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

*စာမျက်နှာ ၄ မှ*

အခမ်းအနားအပြီးတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော်ကြီးအမှူးပြုသည့် ဆရာတော်၊ သံဃာတော်များအား နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ ဧည့်ပရိသတ်များက နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြသည်။

**မော်တော်ယာဉ်များဖြင့် လှည့်လည်**

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၂၅ ခုနှစ် မိသားစု မဟာဘုံကထိန်အလှူတော်အဖြစ် လှူဒါန်းထားသည့် ပဒေသာပင်များအား အောက်တိုဘာ ၂၇ ရက်တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်းရှိ အနော်ရထာခန်းမမှ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးသို့ မော်တော်ယာဉ်များဖြင့် လှည့်လည်ခဲ့သည်။

**ပို့ဆောင်လှူဒါန်း**

ယနေ့ ကျင်းပပြုလုပ်သော ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၂၅ ခုနှစ် မိသားစုမဟာဘုံကထိန် အလှူတော်မင်္ဂလာအခမ်းအနားတွင် ရုံး၊ ဌာနအသီးသီးမှ ပဒေသာပင် စုစုပေါင်း ၉၀၊ ပစ္စည်းတန်ဖိုးငွေကျပ် ၁၇၀၈၄၀၈၁၀ နှင့် ငွေသားတန်ဖိုးငွေကျပ် ၁၂၅၀၅၃၄၅၀ ဖြစ်သဖြင့် စုစုပေါင်းတန်ဖိုး ငွေကျပ် ၂၉၅၈၉၄၂၆၀ ကိုလှူဒါန်းခဲ့ကြပြီး သက်ဆိုင်ရာ ဘုန်းတော်ကြီးကျောင်းအသီးသီးသို့ ရုံး၊ ဌာနများအလိုက် မော်တော်ယာဉ်များဖြင့် ဆက်လက်ပို့ဆောင် လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။



ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်းနှင့်ဇနီး ဆရာတော်ထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့်ဇနီး ဆရာတော်ထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

## တောင်ကြီးတန်ဆောင်တိုင်ပွဲတော်တွင် ညလွှတ်မီးပုံးပျံများနှင့် နေ့လွှတ်အရုပ်များ လွှတ်တင်ယှဉ်ပြိုင်မှုဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပ

**တောင်ကြီး အောက်တိုဘာ ၂၉**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ ကျောင်းကြီးစုရပ်ကွက်ရှိ အဝေရာမီးပုံးပျံကွင်း၌ တောင်ကြီးတန်ဆောင်တိုင်ပွဲတော်ကို ညလွှတ်မီးပုံးပျံများနှင့် နေ့လွှတ်အရုပ်များ လွှတ်တင်ယှဉ်ပြိုင်မှုဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည် ဖြစ်သည်။



အနယ်နယ်အရပ်ရပ်မှ ခရီးသွားဘုရားဖူးပြည်သူများကလည်း တောင်ကြီးတန်ဆောင်တိုင်ပွဲတော်သို့ လာရောက်လည်ပတ်ကြမည်ဖြစ်ပြီး တောင်ကြီး၊ အင်းလေး၊ ကလော၊ ပင်းတယတို့ရှိ ဘုရား၊ စေတီ၊ ပုထိုးများကို ဖူးမြော်ကြည်ညိုကြမည် ဖြစ်သည်။

အဆိုပါ တောင်ကြီးတန်ဆောင်တိုင် မီးပုံးပျံပွဲတော်တွင် ၂၅ ပေရှိ ညမီးကြီး ၁၈ လုံး၊ ၂၂ ပေရှိ ညမီးကြီး ၂၅ လုံး၊ ၁၈ ပေရှိ စိန်နားပန် ၃၇ လုံး၊ စုစုပေါင်းမီးပုံးပျံအလုံး ၈၀ ကို သတ်မှတ်ရက်များတွင် ညနေ ၆ နာရီမှ ပွဲစဉ်ပြီးဆုံးသည်အထိ လွှတ်တင်သွားမည်ဖြစ်ပြီး နေ့လွှတ်အရုပ်များဖြစ်သော အရုပ်ခြေနှစ်ချောင်း ၁၉၁ လုံး၊ အရုပ်ခြေလေးချောင်း ၁၀၄ လုံး၊ အရုပ်အုပ်စု ၆၆ လုံး၊ စုစုပေါင်း ၃၆၁ လုံးစသည့် နေ့လွှတ်အရုပ်များကို အောက်တိုဘာ ၂၇ ရက်မှ စတင်၍ မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီအထိ နေ့ရက်အလိုက် လွှတ်တင်သွားမည်ဖြစ်သည်။

တန်ဆောင်တိုင်ပွဲတော်ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနားများနှင့်အတူ ညမီးပုံးပျံလွှတ်တင်ခြင်းများ၊ နေ့လွှတ်အရုပ်လွှတ်တင်ခြင်း၊ ဖျော်ဖြေရေးအစီအစဉ်များ၊ ဈေးဆိုင်ခန်းများ၊ ကလေးကစားကွင်းများ၊ ပြခန်းများ၊ စားသောက်ဆိုင်ခန်းများ၊ ဂိမ်းအစီအစဉ်များ ပါဝင်ပြီး အောက်တိုဘာ ၂၉ ရက်မှ နိုဝင်ဘာ ၅ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(ဝဲပုံ)

(၃၆၈)

**တံတားနှင့်လမ်း၊ ဆေးခန်းနှင့်ကျောင်း ဆည်မြောင်းနှင့်ကန်၊ သစ်ပင်ရုံမှ သဏ္ဍာန်လှပ၊ ပန်းရလိမ့်။**

# ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲကျင်းပရန်
၅၉
ရက်
သာ လိုတော့သည်။

- ❖ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၅၆/၂၀၂၅) ဖြင့် ၂၈-၁၂-၂၀၂၅ ရက်နေ့၌ ကျင်းပမည့် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)တွင် ပါဝင်သည့် မြို့နယ် (၁၀၂) မြို့နယ်ကိုလည်းကောင်း၊ ၂၈-၁၀-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၁၄၁/၂၀၂၅) ဖြင့် ၁၁-၁-၂၀၂၆ ရက်နေ့၌ ကျင်းပမည့် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂)တွင် ပါဝင်သည့် မြို့နယ် (၁၀၀) မြို့နယ်ကိုလည်းကောင်း သတ်မှတ်ကြေညာပြီးဖြစ်သည်။
- ❖ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၄-၉-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၁၀၃/၂၀၂၅) ဖြင့် ရွေးကောက်ပွဲများ ကျင်းပခြင်းမပြုမည့် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် (၅၆)နယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် (၉)နယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူ အနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် (၅၆)နယ်စာရင်းတို့ကို ထုတ်ပြန်ကြေညာပြီးဖြစ်သည်။
- ❖ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၄-၉-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၁၀၃/၂၀၂၅) ဖြင့် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် ၂၇၄ နယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၇၅ နယ်၊ အချိုးကျကိုယ်စားပြုစနစ် (PR) မဲဆန္ဒနယ် ၂၆ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူ အနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၂၆၆ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် အချိုးကျကိုယ်စားပြုစနစ် (PR) မဲဆန္ဒနယ် ၄၂ နယ်နှင့် တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် ၂၉ နယ် တို့တွင် ရွေးကောက်ပွဲများ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ကြေညာပြီးဖြစ်သည်။

## ဒီမိုကရေစီပါတီသစ် (ကချင်) ပါတီက
## ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် အောက်တိုဘာ ၂၉

ဒီမိုကရေစီပါတီသစ်(ကချင်) ပါတီ အတွင်းရေးမှူး ဦးခေါတိန့် က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို အောက်တိုဘာ ၂၉ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။

အဆိုပါ ဟောပြောတင်ပြချက် အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -



ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသားပြည်သူလူထု မဲဆန္ဒရှင်များ အားလုံး မင်္ဂလာပါခင်ဗျ။ ကျွန်တော်ကတော့ ဒီမိုကရေစီပါတီသစ်(ကချင်) ပါတီ အတွင်းရေးမှူး ဦးခေါတိန့် ဖြစ်ပါတယ်ခင်ဗျ။ ကျွန်တော်တို့ ဒီမိုကရေစီ ပါတီသစ်(ကချင်) ပါတီသည် ကချင်ပြည်နယ်အတွင်း မှီတင်းနေထိုင်လျက် ရှိသော တိုင်းရင်းသားပြည်သူလူထုကို အခြေခံဖွဲ့စည်းထားသော ကချင် ပြည်နယ် အကျိုးပြုပါတီဖြစ်ပါသည် ခင်ဗျ။

"ကချင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ဖို့ ဒီမိုကရေစီပါတီသစ်(ကချင်)ပါတီကို မဲပေးစို့"

"လူသားအားလုံးရှင်သန်ဖို့ NDP(K) နှင့်ပူးပေါင်းစို့"

### ပါတီ၏ ရည်မှန်းချက်

- (က) ပြည်သူလူထုနှင့်လက်တွဲကာ စစ်မှန်သော ငြိမ်းချမ်းရေးကို ထာဝစဉ် တည်ဆောက်မည်။
- (ခ) လက်နက်ကိုင်ပဋိပက္ခလုံးဝချုပ်ငြိမ်းသည့် လူ့အဖွဲ့အစည်းတစ်ရပ် ထာဝစဉ်တည်ရှိနိုင်ရန် ကြိုးပမ်းဆောင်ရွက်မည်။
- (ဂ) တိုင်းရင်းသားပြည်သူလူထုအားလုံး၏ အခွင့်အရေးနှင့် လူမှုစီးပွားဘဝ တစ်ပြေးညီ တန်းတူရည်တူဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်မည်။
- (ဃ) ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုနိုင်ငံတော် အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် ကြိုးပမ်းဆောင်ရွက်မည်။

### ယုံကြည်ချက်

(က) ပါတီသည် "ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး" တည်းဟူသော အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ယုံကြည်ခံယူသည်။ ကချင်ပြည်နယ် နယ်မြေဒေသအလိုက် ဖွံ့ဖြိုးတိုးတက်လာအောင် စနစ်တကျ စီမံဆောင်ရွက်ခြင်းဖြင့် ဒို့တာဝန်အရေးသုံးပါးကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်မည်ဟု ခံယူပါသည်။

### အခြေခံမူဝါဒ

- (၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် တိုင်းရင်းသားလူမျိုးပေါင်းစုံ ငြိမ်းချမ်းစွာ အတူတကွယှဉ်တွဲနေထိုင်ရေးမူဝါဒကို ခိုင်မြဲစွာ လက်ကိုင်ကျင့်သုံးသွားမည်။
- (၂) ပြည်သူလူထုနှင့် လက်တွဲကာ ငြိမ်းချမ်းရေးကို ထာဝစဉ်တည်ဆောက်ပြီး ဒီမိုကရေစီကျင့်စဉ်ကိုအခြေခံ၍ ဒေသအကျိုး ပြည်သူလူထုအကျိုးနှင့် တိုင်းပြည်အကျိုးကို သယ်ပိုးဆောင်ရွက်မည်။
- (၃) နိုင်ငံတော်၏အချုပ်အခြာအာဏာပိုင်ဆိုင်မှုနှင့် ဒေသတည်ငြိမ်လုံခြုံမှုကို ထိပါးစေနိုင်သည့် အကြမ်းဖက်ဝါဒနှင့် ပုံစံအမျိုးမျိုးဖြင့် ဝင်ရောက်လာမည့် နယ်ချဲ့ဝါဒတို့ကို ဆန့်ကျင်တွန်းလှန်သွားမည်။
- (၄) ပါတီသည် မည်သည့်အဖွဲ့အစည်း၊ မည်သည့်ပုဂ္ဂိုလ်၊ မည်သည့်ပါတီ၏ ဩဇာခံမျှ မဖြစ်ရ၊ လွတ်လပ်စွာ ကိုယ့်ကြမ္မာကိုယ်ဖန်တီးနိုင်သော နိုင်ငံရေးပါတီဖြစ်ပါသည်။

### ပါတီ၏ ဆောင်ပုဒ်မှာ

၁။ "ငြိမ်းချမ်းရေး"Peace
၂။ "တန်းတူညီမျှရေး"Equality
၃။ "စည်းလုံးညီညွတ်ရေး"Unity
၄။ "ဖွံ့ဖြိုးတိုးတက်ရေး" Development
ဖြစ်ပါသည်ခင်ဗျ။

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်နေ့ ပါတီစုံအထွေထွေရွေးကောက်ပွဲတွင် ဒီမိုကရေစီပါတီသစ်(ကချင်) New Democracy Party(Kachin) NDP(K) မိမိတို့ပါတီသည် နိုင်ငံရေးပါတီများနှင့်အတူ ကချင်ပြည်နယ်တွင် ကိုယ်စားလှယ်လောင်းများက လွှတ်တော်(၃)ရပ်တွင် ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ပါသည်။ အနိုင်ရလွှတ်တော်ကိုယ်စားလှယ်များက ပြည်ထောင်စုမြန်မာနိုင်ငံတော် ရည်မှန်းချက်ပန်းတိုင်သို့ အားကြိုးမာန်တက် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ဒီမိုကရေစီပါတီသစ်(ကချင်)ပါတီသည် ကချင်ပြည်နယ် အခြေစိုက် ပါတီဖြစ်ပါ၍ ကချင်ပြည်နယ် ဒေသတိုင်းရင်းသားတို့၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးတွင် နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ လူငယ်၊ အမျိုးသမီး၊ နိုင်ငံ့ဝန်ထမ်းများနှင့် တိုင်းရင်းသား ရိုးရာ ယဉ်ကျေးမှုစာပေတို့တွင် အစွမ်းကုန်ပါဝင်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အလေးအနက် ကတိသစ္စာပြုပါသည်။

"လူသားအားလုံးရှင်သန်ဖို့
NDP(K) နှင့် ပူးပေါင်းစို့"

"ကချင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ဖို့
ဒီမိုကရေစီပါတီသစ်(ကချင်)
ပါတီကို မဲပေးစို့"

မဲဆန္ဒရှင်ပြည်သူလူထု၊ တိုင်းရင်းသားများအားလုံး၏ တန်ဖိုးရှိလှစွာသော ဆန္ဒမဲများကို ဒီမိုကရေစီပါတီသစ်(ကချင်)ပါတီကို မဲပေးကြဖို့ မေတ္တာဖြင့် တောင်းခံအပ်ပါသည်ခင်ဗျ။

အားလုံးကို ကျေးဇူးတင်ပါသည်။

### ပါတီ၏သီချင်းစာသား

(၁) သီချင်းခေါင်းစဉ် အမည် = ဒီမိုကရေစီပါတီသစ်(ကချင်)

V1: ဒါဒို့ ပြည် ဒါဒို့မြေ ဒို့ပြည် ဒို့မြေ ဒို့ပါတီ ဒီမိုကရေစီပါတီသစ်(ကချင်) ထွန်းလင်းတောက်ပ နေပြီနော်

CHO; ပြည်သူများရဲ့ ရင်မှာဖွား ပြည်သူအများက ပိုင်ဆိုင်ထား ထိန်းသိမ်းကြမယ် ဒို့ရိုးရာ ဆောင်ရွက်ကြမယ် ဒို့ဌာနေ ဖွံ့ဖြိုးစေရမည် မိဘပြည်သူ မောင်မယ်များ စည်းလုံးခြင်းသည် အင်အား ဟေးဟေး NDP ကချင်ပါတီ NDP ကချင်ပါတီ NDP ကချင်ပါတီ ထွန်းလင်းတောက်ပ နေပြီနော်

(၂) သီချင်းခေါင်းစဉ် အမည် = ပြည်သူချစ်သည့်ပါတီ

V1: စစ်မှန်သော ပါတီပေါ်ထွက်လာပြီ ပြည်သူတွေ ဝမ်းမြောက်ကြသည် ဒီမိုကရေစီပါတီသစ် ရှေ့ကိုချီ ဒေသအကျိုး သယ်ပိုးသွားမည်

V2; ထာဝရငြိမ်းချမ်းရေး ရှေးရှုပါသည် သာယာဝပြောတိုးတက်ဖို့ရည် ဘာသာယဉ်ကျေးမှု ရိုးရာဓလေ့ထုံးစံ လေးစားကာ ထိန်းသိမ်းသွားမည်

Cho; NDP NDP ပြည်သူတွေ အားကိုးထိုက်ပါသည် NDP NDP ပါတီ ဒေသအကျိုး ဦးထိပ်ထားပါမည် အပြောနဲ့အလုပ် လက်တွေ့ပြမည် ဒီမိုကရေစီပါတီသစ်(ကချင်)

# ဖလုံ-စဝေါ် ဒီမိုကရက်တစ်ပါတီ က ငင်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် အောက်တိုဘာ ၂၉

ဖလုံ - စဝေါ် ဒီမိုကရက်တစ်ပါတီ ဒုတိယဥက္ကဋ္ဌ ဒေါ်နော်ယုဇနဝါ က ငင်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို အောက်တိုဘာ ၂၉ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။

အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီ၏ မူဝါဒ၊ သဘောထားနှင့် လုပ်ငန်းစဉ်များကို ဟောပြောထုတ်လွှင့်ခွင့်ပြုပေးသော နိုင်ငံတော်နှင့် သက်ဆိုင်ရာတာဝန်ရှိသူများကို အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် မြန်မာပြည်တစ်ဝန်းလုံး၌ မှီတင်းနေထိုင်ကြသော ရဟန်းရှင်လူ တိုင်းရင်းသားပြည်သူအားလုံးတို့ကို ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။ ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြပါစေရန်နှင့် ကပ်ဘေးအပေါင်းမှ ကင်းဝေးကြပါစေဟု ဦးစွာ နှုတ်ခွန်းဆက်သဆုမွန်ကောင်း တောင်းအပ်ပါသည်။

ကျွန်ုပ်တို့နေထိုင်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးသည် ရှေးအစဉ်အဆက်က ကိုလိုနီနယ်ချဲ့စနစ်နှင့် ဖက်ဆစ်စနစ်တို့၏ ကျူးကျော်အုပ်စိုးလွှမ်းမိုးမှုကြောင့် လွတ်လပ်ခြင်း၊ တရားမျှတခြင်း၊ ငြိမ်းချမ်းခြင်းများကို နိုင်ငံသူနိုင်ငံသားများ လက်လွှတ်ဆုံးရှုံးခဲ့ကြရသည်။ ထိုစဉ်က တိုင်းရင်းသားအားလုံးတို့သည် စည်းလုံးညီညွတ်စွာဖြင့် နယ်ချဲ့ဆန့်ကျင်ရေးအတွက် အသက်ပေါင်းများစွာ စတေးခဲ့ကြရပြီး အေဒီ ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီ (၄)ရက်နေ့ ရောက်ရှိမှသာ လွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံတော်ကြီး ဖြစ်လာကာ ကမ္ဘာ့အလယ်တွင် မားမားမတ်မတ် ရပ်တည်နိုင်ခဲ့ကြသည်။

လောကကမ္ဘာ၌ လူအချင်းချင်း ကိုယ်ချင်းစာတရားကို အခြေခံပြီး ဘက်လိုက်ခြင်း၊ ညှဉ်းဆဲခြင်း၊ အနိုင်ကျင့်ခြင်း၊ ခွဲခြားဆက်ဆံခြင်း၊ ကျူးကျော်ရန်စခြင်း၊ ခေါင်းပုံဖြတ် အမြတ်ထုတ်ခြင်းမရှိပါက ပဋိပက္ခဟူသည့် တစ်ဖက်နှင့်တစ်ဖက်၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့၊ တစ်စုနှင့်တစ်စု၊ တစ်နိုင်ငံနှင့် တစ်နိုင်ငံ ရန်ပြုခြင်း၊ တိုက်ခိုက်ခြင်း ဖြစ်ပေါ်လာရန် အကြောင်းမရှိပေ။ ပဋိပက္ခများကြောင့်သာ လောကလူသားများ လူမှုအခွင့်အရေးဆိုင်ရာ ခံစားခွင့်များ လက်လွှတ်ဆုံးရှုံးခဲ့ကြရပေသည်။

ကျွန်ုပ်တို့ ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီသည် လူသားများနှင့်ဆိုင်သော လူမှုအခွင့်အရေးများကို အလေးထားမည်။ မထီမဲ့မြင်မပြုရ၊ လူသားတို့၏ အကျင့်သိက္ခာကို တန်ဖိုးထားလေးစားလိုက်နာမည်။ ရက်စက်ကြမ်းကြုတ်ခြင်း မပြု၊ ငြိမ်းချမ်းသောနည်းလမ်းဖြင့် အဖြေရှာမည်။ လွတ်လပ်စွာ ပြောဆိုရေးသားခွင့်၊ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်၊ လွတ်လပ်စွာ အသက်မွေးမြူခွင့်ရှိရမည်။ စိုးရိမ်ခြင်း၊ ကြောက်ရွံ့ခြင်း၊ ချို့ငဲ့ခြင်းကင်းရမည်။ တိုင်းရင်းသားပြည်သူများ လိုလားတောင့်တနေသော စစ်မှန်သော ငြိမ်းချမ်းရေးပေါ်ပေါက်လာစေရန် ကောင်းမွန်သောစိတ်ဆန္ဒဖြင့် တစိုက်မတ်မတ် ကြိုးစားဆောင်ရွက်သွားမည်ဟု တရားမျှတသော ယုံကြည်ပြိုင်မှုဖြစ်ကြောင်း မဲဆန္ဒရှင်ပြည်နယ်သူပြည်နယ်သားများအား အသိပေး ကြွေးကြော်ကြေညာပါသည်။

ကျွန်ုပ်တို့ ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီသည် တိုင်းရင်းသားလူမျိုးများ အချင်းချင်း ညီညွတ်ရေးနှင့် ပြည်ထောင်စုကြီး ညီညွတ်ရေးသဘောတရားတို့ကို ဦးထိပ်ပန်ဆင်လျက် နိုင်ငံတော်ကြီး၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ဖြစ်ထွန်းတည်တံ့စေရန် အလို့ငှာ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်ပါသည်။ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် ၂၀၂၅ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အစအလယ်အဆုံး (၃) ပါးလုံး၌ တရားမျှတလွတ်လပ်သော ရွေးကောက်ပွဲဖြစ်ရန် ကျွန်ုပ်တို့နှင့်အတူ ပူးပေါင်းပါဝင်စေလိုပါသည်။ နိုင်ငံသားတိုင်း၏အခွင့်အရေးကို အာမခံနိုင်ရန် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် ပြည်နယ်လွှတ်တော်အသီးသီးတို့တွင် ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီမှ ကိုယ်စားပြုခွင့်ကို မဲဆန္ဒရှင်ပြည်သူပြည်သားများအား အသိပေးခြင်းဖြစ်ပါသည်။

ကျွန်ုပ်တို့ပါတီသည်

(က) ကမ္ဘာ့အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးမူဝါဒ

(ခ) အချင်းချင်း မိတ်ဝတ်မပျက် ပေါင်းသင်းဆက်ဆံရေးမူဝါဒနှင့်

(ဂ) ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူဝါဒ စသည်တို့ဖြင့် ဦးတည်ချက်ချမှတ်တည်ထောင်ထားသောပါတီကြီးဖြစ်သည်။ ဤမျှသည်မကဘဲ အကြမ်းမဖက်သော၊ အကြမ်းဖက်အုပ်ချုပ်မှုမရှိသော နိုင်ငံရေးမူဝါဒကို ကျင့်သုံးဆောက်တည်သည့် ပါတီကြီးဖြစ်ပါသည်။

ကျွန်ုပ်တို့ပါတီသည် မညှဉ်းဆဲခြင်း(အဟိံသ)၊ အမှန်ကိုသာ ပြောဆိုခြင်း (အသစ္စဘာသန)၊ မခိုးဝှက်ခြင်း (အထေယျ)၊ မြတ်သောအကျင့် ကျင့်ခြင်း (ဗြဟ္မစရိယ)၊ မိမိအတွက် မသိမ်းပိုက်ခြင်း(အပရိဂ္ဂဟ)တည်းဟူသော လူသားတို့၏ ကျင့်ဝတ်(၅)ဖြာကိုလည်း လေးစားလိုက်နာသောပါတီကြီးဖြစ်သည်။ ကိုယ်ကျင့်သိက္ခာကို အဓိကထားပြီး မြင့်မြတ်တန်ဖိုးရှိသော လူမှုဘဝ တည်ထောင်ရေးအတွက် လမ်းညွှန်ပြသောပါတီကြီးဖြစ်သည်။ နိုင်ငံအတွက်၊ လူမျိုးအတွက်၊ အများပြည်သူအတွက် အနစ်နာခံနိုင်သူများအဖြစ် စုပေါင်း၍ ကြိုးစားအားထုတ် ဆောင်ရွက်မည့်ပါတီဖြစ်ပါသည်။

ကျွန်ုပ်တို့ ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီ၏ အခြေခံမူဝါဒများမှာ အောက်တွင် ဖော်ပြပါအတိုင်း ဖြစ်ပါသည်။

(၁) ကရင်အမျိုးသားတို့၏ ယဉ်ကျေးမှု၊ စာပေ၊ ဘာသာစကား၊ ရိုးရာဓလေ့နှင့် ထုံးတမ်းအစဉ်အလာတို့ကို ထိန်းသိမ်းစောင့်ရှောက်မည်။

(၂) လွတ်လပ်မှုနှင့်သက်ဆိုင်သော အခွင့်အရေးများ၊ ရပိုင်ခွင့်များနှင့် အမျိုးသားအခွင့်အရေးများကို ကရင်အမျိုးသားအသိုင်းအဝိုင်းအတွင်း၌သာ မကဘဲ မိမိနှင့်သက်ဆိုင်သော လူ့ဘောင်အသိုင်းအဝိုင်းတစ်ရပ်လုံး ရရှိခံစားနိုင်အောင် သက်ဝင်လှုပ်ရှား ကြိုးပမ်းဆောင်ရွက်မည်။

(၃) ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုကြီး တည်ထောင်ရာတွင် တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုရှိရေး၊ သာတူညီမျှမှုရှိရေး၊ မှန်ကန်မှုနှင့် တရားမျှတမှုရှိရေး၊ ငြိမ်းချမ်းမှုရရှိရေးအတွက် အစွမ်းကုန်ကြိုးစားဆောင်ရွက်မည်။

(၄) ကရင်တစ်မျိုးသားလုံးနှင့် တိုင်းရင်းသားအားလုံးအတွက် လွတ်လပ်ပြီး ငြိမ်းချမ်းသာယာဝပြောသောဘဝကို ဖန်တီးနိုင်ရန် ကြီးနိုင်ငယ်ညှဉ်းမူဝါဒကို ဆန့်ကျင်ကန့်ကွက် တိုက်ဖျက်မည်။

(၅) ကရင်တစ်မျိုးသားလုံး၏ အကျိုးစီးပွားနှင့် လူမှုဘဝသာယာဝပြောရေးအတွက် မည်သူ့ကိုမျှ မထိခိုက်စေဘဲ တရားဥပဒေနှင့်အညီ ကြိုးပမ်းဆောင်ရွက်မည်။

(၆) ကရင်တစ်မျိုးသားလုံး၏ အကျိုးစီးပွားကို ထိခိုက်ပျက်စီးစေမည့် မူဝါဒများ၊ ပြုမူဆောင်ရွက်ချက်များကို တရားဥပဒေနှင့်အညီ အစွမ်းကုန် ခုခံကာကွယ်ဆောင်ရွက်မည်။

(၇) ကရင်တစ်မျိုးသားလုံး၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးရာများ စသည်တို့ကို ခေတ်နှင့်အညီ တိုးတက်ဖွံ့ဖြိုးလာအောင် အားထုတ်ဆောင်ရွက်မည်။

ယနေ့ခေတ်ကာလ၌ လူသားအဖွဲ့အစည်းအသီးသီးတွင် ကိုယ်ပိုင်အမြင်ရှိကြသည်။ ကိုယ်ပိုင်ခံယူချက်လည်းရှိကြသည်။ ကိုယ်ပိုင်အမြင်၊ ကိုယ်ပိုင်ခံယူချက်ဖြင့် အရာခပ်သိမ်းကို ရှုမြင်သုံးသပ်တတ်ကြပေသည်။ ထိုသို့ ရှုမြင်သုံးသပ်ခြင်းသည် မွေးရာပါ လူ့အခွင့်အရေးပင်ဖြစ်သည်။

ယနေ့ အပြည်ပြည်ဆိုင်ရာ ကမ္ဘာ့လူမှုအဖွဲ့အစည်းတိုင်းကို ကြည့်မည်ဆိုပါက အသိပညာခေါင်းပါးမှု၊ လောဘ, ဒေါသကြီးမားမှု၊ သဘာဝဘေး၊ ရောဂါထူပြောမှုများကြောင့် ကမ္ဘာ့လူသားများ ပင်ပန်းခက်ခဲစွာ လုပ်ကိုင်စားသောက်နေထိုင်ကြရပေသည်။ ထိုသို့ဖြစ်ရသည်မှာ မမှန်ကန်သော နိုင်ငံရေးဝါဒ၊ မမှန်ကန်သော ဖွံ့ဖြိုးရေးစီမံကိန်းများကြောင့် ဖြစ်ရသည်ဆိုပါက ငြင်းဆန်ရန် ခက်ခဲပေလိမ့်မည်။ ထို့ကြောင့်လည်း လူမှုအဖွဲ့အစည်းများ၌ ပဋိပက္ခနှင့် ပြဿနာများ ထူပြောလာခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် လူမှုအဖွဲ့အစည်းအတွင်း စည်းလုံးညီညွတ်မှု ပြိုကွဲလာကာ ကျူးကျော်မှု၊ ရန်ပြုမှုများကြောင့် လူမှုရေးအဆောက်အအုံကြီး တစ်ခုလုံးအတွက် စိုးရိမ်ကြောင့်ကြစရာကြီး ဖြစ်လာပါသည်။

ထိုသို့မဖြစ်ရလေအောင် ကျွန်ုပ်တို့ပါတီကြီးက ပြည်ထောင်စုဖွား တိုင်းရင်းသားများနှင့်အတူ ကရင်အမျိုးသားတို့၏ တန်းတူညီမျှရေး၊ တရားမျှတရေး၊ လွတ်လပ်ရေး၊ သာယာဝပြောရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးစသည်တို့ကို အခြေခံပြီး ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် ရည်မှန်းချက်ကြီးစွာထားရှိသော ပါတီကြီးဖြစ်ပါသည်။

(၁) လူသားတို့၏ အခွင့်အရေး(သက်ရှိမှန်သမျှ)ကို လေးစားမည်။

(၂) အကြမ်းမဖက်ခြင်းတရား(အဟိံသ)၊ မှန်ကန်မှုတရား(truth)၊ တရားမျှတခြင်း (Justice) တို့ကို လေးစားလိုက်နာမည်။

(၃) တရားမျှတသော မိတ်ဝတ်မပျက် ပူးပေါင်းဆောင်ရွက်ခြင်းမူနှင့် ကမ္ဘာ့ငြိမ်းချမ်းရေးမူများကို လိုက်နာမည်။

(၄) မတရားမှုဟူသမျှကို ပြည်သူနှင့်အတူ ငြိမ်းချမ်းသောနည်းလမ်းဖြင့် ဆန့်ကျင်တိုက်ဖျက်မည်။

(၅) မြန်မာအမျိုးသားများ ထိန်းသိမ်းစောင့်ရှောက်လာခဲ့သော ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းအစဉ်အလာများကို မပျောက်မပျက်အောင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်းကို အားပေးကူညီမည်။

(၆) လူသားတိုင်း စိုးရိမ်ကြောက်ရွံ့ခြင်းမှ ကင်းဝေးအောင် မှန်ကန်မှု၊ အကြမ်းမဖက်မှု၊ တရားမျှတမှုများ ထွန်းကားလာအောင် ပြည်သူနှင့်အတူ ပူးပေါင်းဆောင်ရွက်မည်။

(၇) မိမိတိုင်းပြည်အပေါ် မတရားကိုင်တွယ်ခြင်း၊ ခေါင်းပုံဖြတ်အမြတ်ထုတ်ခြင်း၊ ခြယ်လှယ်ခြင်း၊ အခွင့်အာဏာသုံးခြင်း၊ ဖိနှိပ်ခြင်းများ ပြုလာသူဟူသမျှ ကင်းဝေးစေရန် ပြည်သူများနှင့်အတူ အကြမ်းမဖက်သော နည်းလမ်းဖြင့် အောင်မြင်မှုရသည်တိုင်အောင် ပူးပေါင်းဆောင်ရွက်မည်။

(၈) ကြီးနိုင်ငယ်ညှဉ်းမပြုခြင်းကို လိုက်နာပြီး လူသားမဆန်သော ခွဲခြားဆက်ဆံမှု၊ ဘက်လိုက်မှု၊ လူမှုပစ်ပယ်မှုများကို ရှောင်ရှားမည်။

(၉) အရာခပ်သိမ်းကို လေးစားမှု၊ တရားမျှတမှု၊ ပွင့်လင်းမြင်သာမှုဖြင့် ဆက်ဆံမည်။

(၁၀) မိမိတို့၏ အတွင်းစိတ်ရောင့်ရဲမှုကို ကြံ့ခိုင်အောင်တည်ဆောက်ပြီး ဆင်ခြင်ခြင်း၊ သုံးသပ်ခြင်း၊ စူးစမ်းခြင်း၊ တွေးခေါ်ခြင်း၊ စွန့်စားခြင်းများကို (အသိ၊ ပညာ၊ သတ္တိ) သုံးမျိုးကို အသုံးချ၍ လူမှုဆင်းရဲခြင်းမှ ကင်းဝေးအောင် ဆောင်ရွက်မည်။

(၁၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ တိုင်းရင်းသားများနှင့် အတူ ငြိမ်းချမ်းသာယာဝပြောရေး၊ စည်းလုံးညီညွတ်ရေး၊ တန်းတူညီမျှရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထာဝရငြိမ်းချမ်းရေး တည်တံ့ခိုင်မြဲအောင် အားထုတ်ဖော်ဆောင်မည်။

(၁၂) အမျိုးသားအကျိုးစီးပွားကိုလည်းကောင်း၊ လူမျိုးကိုလည်းကောင်း ဖျက်ဆီးတိုက်ဖျက်ဝါးမြိုမည့် နိုင်ငံရေးမူဝါဒ၊ အန္တရာယ်ပေးမည့် အယူအဆနှင့် မှားယွင်းသော လုပ်ရပ်များကို ဥပဒေနှင့်အညီ ခုခံကာကွယ်ဆောင်ရွက်မည်။

(၁၃) တစ်မျိုးသားလုံး၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးရာများကို ခေတ်နှင့် အညီ တိုးတက်ဖွံ့ဖြိုးလာအောင် အားထုတ်မည်။

(၁၄) ကိုယ်ကျိုးကို ရှေ့တန်းမတင်ဘဲ အများအကျိုးကို ဦးစားပေးကာ အမှန်းမစွက် အကြမ်းမဖက်ဘက်လိုက်မှုကင်းသော နိုင်ငံရေးမူဝါဒကို လက်ကိုင်ထားလျက် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုနိုင်ငံတော်ကြီးကို တိုင်းရင်းသားညီနောင်များနှင့် အတူတကွ ပူးပေါင်းတည်ဆောက်မည်ဟူသော နိုင်ငံရေးမူဝါဒများထားရှိလျက် သဘောထားကြီးစွာဖြင့် ကြိုးစားအားထုတ်ဆောင်ရွက်ပါမည်ဟု မိမိတို့၏ ပါတီသဘောထားအား ပန်ကြားအသိပေးအပ်ပါသည်။

ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီသည် ရည်ရွယ်ချက်သဘောထားများကို အခြေခံပြီးအောက်ပါလုပ်ငန်းစဉ်များကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်။

(၁) ကရင်လူမျိုးတို့၏ အခွင့်အရေးကို ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်နှင့် အညီ ပေါ်ပေါက်လာမည့် ကရင်ပြည်နယ်အစိုးရအဖွဲ့နှင့် ပူးပေါင်းဖော်ဆောင်မည်။

(၂) ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီသည် ကရင်ပြည်နယ်အတွင်းရှိ ကရင်အမျိုးသားများသာမက အနယ်နယ်အရပ်ရပ်ရှိ ကရင်အမျိုးသားတို့၏ အကျိုးစီးပွားကို ဥပဒေနှင့်အညီ ဖော်ဆောင်မည်။

(၃) ကရင်အမျိုးသားတို့၏ အရေးကို ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်မည်။

(၄) ကရင်ပြည်နယ်အတွင်းရှိ ကရင်အမျိုးသားများနှင့် အနယ်နယ်အရပ်ရပ်ရှိ ကရင်အမျိုးသားများအားလုံး အတူတကွ စည်းလုံးညီညွတ်စွာဖြင့် ကရင်အမျိုးသားတို့၏ အကျိုးစီးပွားအတွက် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရန် နည်းလမ်းရှာဖွေမည်။

(၅) ပြည်သူတစ်ရပ်လုံး၏ စီးပွားရေးနှင့် လူမှုရေးတို့ကို ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရန် ကူညီစောင့်ရှောက်မည်။

(၆) အမုန်းမစွက်၊ အကြမ်းမဖက်သော နိုင်ငံရေးမူဝါဒကို လက်ခံထားပြီး တစ်မျိုးသားလုံး စည်းလုံးညီညွတ်ရေးအတွက် ရည်ရွယ်ကာ လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်မည်။

(၇) စစ်မှန်သောထာဝရငြိမ်းချမ်းရေး ဖြစ်ပေါ်လာစေရန် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်မည်ဟု လုပ်ငန်းစဉ်များ ချမှတ်ထားပါသည်။

မေတ္တာအာသီသ

ကျွန်ုပ်တို့ ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီသည် ကရင်ပြည်နယ်ရှိ ပြည်နယ်သူ ပြည်နယ်သားများနှင့်အတူ ဖြစ်တည်ပေါ်ပေါက်လာသော ပါတီကြီးတစ်ခု ဖြစ်သည်နှင့်အညီ ကရင်ပြည်နယ်သူပြည်နယ်သားတို့၏ လူမှုအကျိုးစီးပွားကိစ္စရပ်များသာမက ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များကိုပါ ပြည်နယ်သူပြည်နယ်သားများနှင့်အတူ ဒုက္ခသုခများကို အတူတကွမျှဝေခံစား တွေ့ကြုံသိမြင်နေရသော ပါတီဖြစ်သည်။ သို့ဖြစ်၍ လက်ရှိဖြစ်ပေါ်နေသော နိုင်ငံရေးအခင်းအကျင်း၊ ပဋိပက္ခအခြေအနေများကို ကျော်လွှားနိုင်ရန်အတွက် မဲဆန္ဒရှင် ပြည်နယ်သူပြည်နယ်သားတို့၏ ငြိမ်းချမ်းသောစိတ်ဆန္ဒဖြင့် အားပေးထောက်ခံမှုများကို ကျွန်ုပ်တို့ ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီမှ အထူးလိုလားလျက်ရှိပါသည်။

ယခုလာမည့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ကရင်ပြည်နယ်တစ်ခုလုံး၏ လွှတ်တော်(၃)ရပ်လုံး၌ ကျွန်ုပ်တို့၏ ပါတီသည် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ရာ (သို့မဟုတ်) ဖြစ်သောကြောင့် မဲဆန္ဒရှင်များအနေဖြင့် မိမိတို့၏ တန်ဖိုးထားသော ဆန္ဒမဲများကို ရွေးကောက်ပွဲတွင် အတူတကွပူးပေါင်းပါဝင်ပေးနိုင်ကြပါရန် မေတ္တာအာသီသဖြင့် ဆန္ဒပြုအသိပေးအပ်ပါသည်။

လောက၌ မည်သည့်အကျိုးအာနိသင်များ၌မဆို လွတ်လပ်စွာခံစားခွင့်၊ လွတ်လပ်စွာ တွေးခေါ်ခွင့်၊ လွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့်၊ လွတ်လပ်စွာ နေထိုင်လုပ်ကိုင်ခွင့်ဟူသော အခွင့်အရေးအတွက် မည်သည့်ဥပဒေမျှဖြင့် မဆန့်ကျင်ဘဲ (က)လွတ်လပ်ခြင်း၊ (ခ)ညီညွတ်ခြင်း၊ (ဂ)တရားမျှတခြင်းဟူသော အမျိုးသားရေးအနှစ်သာရ(၃)ပါးကို နှလုံးသွင်းလျက် လောကပါလတရား ပြည့်စုံထွန်းကားစေရန် အကျွန်ုပ်တို့ ဖလုံ-စဝေါ် ဒီမိုကရက်တစ်ပါတီက တာဝန်ယူဆောင်ရွက်ပေးပါမည်ဟု အလေးအနက် ကတိပြုပါသည်။ ရဟန်းရှင်လူပြည်သူ ပြည်သားအပေါင်း ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာကြပါစေ။ ကပ်ဘေးအပေါင်းမှ ကင်းစင်လွတ်မြောက်နိုင်ကြပါစေဟု ဆုတောင်းပေးလျက် နိဂုံးချုပ်အပ်ပါသတည်း။

အ့်ဆင်းလာဆာ်။

အိဉ်ဆူဉ်လၢကီ။

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် အခြေခံပညာကျောင်းများသို့ ကာလာပရင်တာများ ထောက်ပံ့ပေးအပ်

**မန္တလေး အောက်တိုဘာ ၂၉**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ အခြေခံပညာကျောင်းများသို့ ကာလာပရင်တာများ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက အောင်မြေသာစံမြို့နယ်ရှိ အမှတ်(၉)အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီးပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ခရိုင်၊ မြို့နယ်ပညာရေးမှူးများနှင့် တာဝန်ရှိသူများ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် အခြေခံပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍအလိုက် အလေးထားကာ ဖြည့်ဆည်းဆောင်ရွက်ပေးနေပါကြောင်း၊ လိုအပ်သည့် သင်ထောက်ကူပစ္စည်းများ ဖြည့်ဆည်းပေးနေသည့်အပြင် ကျောင်းလုပ်ငန်းသုံးပစ္စည်းများကိုလည်း ထောက်ပံ့ပေးနေပါကြောင်း၊ ယခုထောက်ပံ့ပေးအပ်သည့် သင်ထောက်ကူကျောင်းသုံးပစ္စည်းများမှာ စက်တင်ဘာ ၁၉ ရက်က မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ အများပြည်သူနှင့် သက်ဆိုင်သောနေရာများတွင် အသုံးပြုနိုင်ရန်အတွက် အခြေခံပညာကျောင်းများသို့ အစိမ်းရောင်၊ အဝါရောင်၊ အပြာရောင်နှင့် အနီရောင် လေးမျိုးပါ အမှိုက်ပုံးများ ခွဲဝေပေးအပ်သည့် အခမ်းအနားများတွင် ကျောင်းအုပ်ကြီးများက တင်ပြတောင်းခံခဲ့သည့် ကျောင်းသုံးပစ္စည်းများကို ထောက်ပံ့ပေးအပ်ခြင်းဖြစ်ပါကြောင်း၊ ပညာရေးကဏ္ဍဖွံ့ဖြိုးရေးအတွက် ပညာသင်ကြားရေးလုပ်ငန်းစဉ်များ အောင်မြင်အောင် အားလုံးဝိုင်းဝန်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် အောင်မြေသာစံမြို့နယ်ရှိ အမှတ်(၉)အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၁၀)အခြေခံပညာအထက်တန်းကျောင်း၊ 


အမှတ်(၁၇)အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၁၄)အခြေခံပညာအထက်တန်းကျောင်း(ခွဲ) အတွက် လိုအပ်သည့် ကာလာပရင်တာများကို သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများထံသို့ ထောက်ပံ့ပေးအပ်ခဲ့ပြီး ခရိုင်ပညာရေးမှူးက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)



## မန္တလေး နိုင်ငံခြားဘာသာတက္ကသိုလ်တွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြော

**မန္တလေး အောက်တိုဘာ ၂၉**

မန္တလေး နိုင်ငံခြားဘာသာတက္ကသိုလ်တွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ယနေ့ နံနက်ပိုင်းက ယာယီတိုးချဲ့ဆောင်တွင် ကျင်းပသည်။ (အပေါ်ပုံ)

ဟောပြောပွဲသို့ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာတင့်တင့်၊ ဒုတိယပါမောက္ခချုပ် ဒေါက်တာကြည်ကြည်မိုး၊ ပါမောက္ခ(ဌာနမှူး)များ၊ စီမံအရာရှိများ၊ ဆရာ၊ ဆရာမများနှင့် ဝန်ထမ်းများ၊ စုစုပေါင်း အင်အား ၁၁၂ ဦး တက်ရောက်ခဲ့ကြသည်။

ဟောပြောပွဲတွင် မဟာဌာနမှူး(ဘာသာစကားဌာန) ဒုတိယပါမောက္ခချုပ်(သင်တန်း) ဒေါက်တာကြည်ကြည်မိုးက လူကုန်ကူးမှုနှင့် လူ့ဘဝအန္တရာယ်ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောခဲ့ကြောင်းနှင့် ပါမောက္ခချုပ်က အသိပညာပေးဟောပြောခဲ့သည့် ဒုတိယပါမောက္ခချုပ်အား အမှတ်တရဂုဏ်ပြုလက်ဆောင်ပေးအပ်ခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ် ၄)

## စာကြည့်တိုက်များရှင်သန်ပွံ့ဖြိုးရေး အသိပညာပေးဟောပြော၊ ပုံပြောနှင့် ကဗျာရွတ်ပြိုင်ပွဲ ကျင်းပ

**ကျောက်ဆည် အောက်တိုဘာ ၂၉**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယမန်နေ့ မွန်းလွဲ ၂ နာရီခွဲက မုန့်ပေါင်းကျေးရွာ ''အလင်းသစ်'' စာကြည့်တိုက်၌ အသိပညာပေးဟောပြောပွဲ၊ ပုံပြောနှင့် ကဗျာရွတ်ပြိုင်ပွဲများ ကျင်းပသည်။

အသိပညာဟောပြောပွဲတွင် ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်နှင်းရီက 'စာပေ၏ အကျိုးကျေးဇူး' ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောခဲ့ပြီး ကဗျာရွတ်ဆိုပြိုင်ပွဲများ ပြုလုပ်ခဲ့ရာ အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

(အောက်ပုံ)

သက်မောင်(ကျောက်ဆည်)





## ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**ကျောက်ဆည် အောက်တိုဘာ ၂၉**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကိုးပင်ကျေးရွာအုပ်စု၊ ဇလဲကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ယမန်နေ့က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။ (အပေါ်ပုံ)

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျောက်ဆည်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ရီရီဦး၊ ကျောက်ဆည်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြတ်စုအောင်နှင့် တာဝန်ခံအင်ဂျင်နီယာများက ဇလဲကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များနှင့် တွေ့ဆုံကာ ခရိုင်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများအတိုင်း အချိန်မီပြီးစီးရေးအတွက် လိုအပ်သည်များကို မှာကြားခဲ့သည်။

အဆိုပါကျေးရွာ၌ ကျေးရွာတွင်း လမ်းအရှည် ပေ ၄၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ရန်ပုံငွေကျပ် ၁၅ သိန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၄ ဒသမ ၂ သိန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် စက်တင်ဘာလ စတုတ္ထပတ်က လုပ်ငန်းစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

(၄၄၅)

၀-၀-၀-၀-၀

## ဟောပြောပွဲ၊ စာဖတ်ဝိုင်း၊ ပြပွဲ၊ ပြိုင်ပွဲများ ကျင်းပ

**မန္တလေး အောက်တိုဘာ ၂၉**

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးခရိုင်၊ လူထုအခြေပြုဗဟိုဌာန၌ ဟောပြောပွဲ၊ စာဖတ်ဝိုင်း၊ စာစီစာကုံးပြိုင်ပွဲ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲများကို ယမန်နေ့ နံနက် ၉ နာရီခွဲက ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မန္တလေးခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်သန်းနှင့် ဦးစီးအရာရှိ ဒေါ်ခင်စောလွင်တို့က တက်ရောက်လာသည့် ကျောင်းသူလေးများကို ယခုလို ဟောပြောပွဲများ၊ စာဖတ်ဝိုင်း၊ ပြပွဲ၊ ပြိုင်ပွဲများ ပြုလုပ်ရခြင်း ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားခဲ့ပြီး ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးအကြောင်းအရာများ ရှင်းလင်းဟောပြောခြင်း၊ တက်ရောက်လာသည့် ကျောင်းသူလေးများက တစ်ဦးချင်းစီ စာဖတ်ဝိုင်းတွင် စာရေးဆရာမ ဒေါက်တာခင်စန်းမော် ရေးသားထားသော 'ပညာရှင်စိတ်ထား' စာအုပ်မှ အကြောင်းအရာများကို ဖတ်ကြားဆွေးနွေးခြင်း၊ စာစီစာကုံးပြိုင်ပွဲ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲတို့တွင် အ.ထ.က(ခွဲ) (၂၅)ကျောင်းမှ ကျောင်းသူ ၁၅ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့သည်။

ထို့နောက် မန္တလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး နံရံကပ်စာစောင်များ၊ စာအုပ်၊ စာစောင်များ ခင်းကျင်းပြသခဲ့ပြီး ကလေးအလုပ်သမား အသိပညာပေးလက်ကမ်းစာစောင်များကို လက်ဝယ်အရောက် ဖြန့်ဝေဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဇင်မင်းမောင်

၀-၀-၀-၀-၀




## မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး တစ်အိမ်တက်ဆင်း လိုက်လံစစ်ဆေး

**စစ်ကိုင်း အောက်တိုဘာ ၂၉**

စစ်ကိုင်းမြို့နယ်မီးသတ်ဦးစီးဌာနမှ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် အောက်တိုဘာ ၂၈ ရက် နံနက်ပိုင်းက မြို့ပေါ်ရပ်ကွက်များရှိ နေအိမ်များ၊ စက်ရုံများ၊ စက်သုံးဆီအရောင်းဆိုင်များအား လိုက်လံကွင်းဆင်း စစ်ဆေးခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် စစ်ကိုင်းမြို့နယ်မီးသတ်ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မြင့်ဟန် ဦးဆောင်ကြီးကြပ်မှုဖြင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များက မြို့ပေါ်ရပ်ကွက်များရှိ နေအိမ်များ၊ စစ်ကိုင်းစက်မှုဇုန်ရှိ စက်ရုံများနှင့် စက်သုံးဆီအရောင်းဆိုင်များအား သတ်မှတ်ထားသည့် မီးငြိမ်းသတ်ရေးပစ္စည်းများ ထားရှိခြင်းနှင့် ကောင်းမွန်ခြင်းရှိ၊ မရှိ၊ ရေကန်များ ရေဖြည့်တင်းခြင်းရှိ၊ မရှိတို့ကို စစ်ဆေးပြီး မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်နည်းများကို လက်တွေ့သရုပ်ပြသခဲ့သည်။ (ဝဲပုံ)

ထို့အပြင် မြို့ပေါ်ရပ်ကွက်များရှိ ဈေးများ၊ အလုပ်ရုံ၊ စက်ရုံများအား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးစစ်ဆေးခြင်းနှင့် အသိပညာပေး လက်ကမ်းစာစောင် ဖြန့်ဝေခြင်းများဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**နေလင်းအောင်(ပြန်/ဆက်)**



## မီးလောင်မှု၊ မီးလန့်မှုမဖြစ်ပေါ်စေရေးအတွက် အရှိန်အဟုန်မြှင့်ဆောင်ရွက်

**အောင်လံ အောက်တိုဘာ ၂၉**

မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နယ်တွင် မီးလောင်မှု၊ မီးလန့်မှုမဖြစ်ပေါ်စေရေးအတွက် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ ယမန်နေ့ နံနက် ၁၀ နာရီက ဒုတိယဦးစီးမှူး ဦးနေဖြိုးဝင်း ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေးခဲ့သည်။

အောင်လံမြို့နယ်အတွင်းရှိ ဝါစက်ရုံများသို့ သွားရောက်စစ်ဆေးရာ မီးဘေးကြိုတင်ကာကွယ်ရေးပစ္စည်းများ လုံလောက်စွာရှိစေရန်နှင့် အရေးပေါ်မီးလောင်မှု၊ မီးလန့်မှုများ ဖြစ်ပွားပါက မီးငြိမ်းသတ်ရေးနည်းလမ်းများနှင့် ဆောင်ရန်၊ ရှောင်ရန် လိုက်နာရမည့် အချက်များကို အသိပညာပေးပြောကြားခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**မျိုးသိန်း(ပြန်/ဆက်)**

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသားသုံးဦး ထိခိုက်ဒဏ်ရာရရှိ

**ပန်းတောင်း အောက်တိုဘာ ၂၉**

ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်းမြို့နယ်၌ ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသား သုံးဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၂၆ ရက် ည ၇ နာရီ ၁၅ မိနစ်တွင် ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်းမြို့နယ်၊ ဥသျှစ်ပင်မြို့၊ ကျောက်ဖူးကျေးရွာအဝင် ပုသိမ်-မုံရွာသွားကားလမ်းမပေါ်၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ ဥသျှစ်ပင်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ပန်းတောင်းမြို့နယ်၊





မသုံကျေးရွာနေ ဇော်ထက်ခိုင် (၂၄)နှစ် မောင်းနှင်ပြီး မောင်အေးချမ်းသူ (၁၉)နှစ် လိုက်ပါလာသည့် ဆိုင်ကယ်သည် ပုသိမ်မြို့မှ ဥသျှစ်ပင်မြို့ဘက်သို့ မောင်းနှင်လာစဉ် အခင်းဖြစ်နေရာအရောက်၌ အရှိန်မထိန်းနိုင်ဘဲ မျက်နှာချင်းဆိုင်မှ ပန်းတောင်းမြို့နယ်၊ ကြာအင်းကျေးရွာနေ ဦးအောင်ကျော်မိုး (၃၃)နှစ် မောင်းနှင်ပြီး တစ်ရွာတည်းနေသူများဖြစ်ကြသည့် ဦးမြဝင်း (၄၀)နှစ်နှင့် ဦးထွန်းဝေ (၅၀)နှစ်တို့ လိုက်ပါလာသည့် TOYOTA TOWNACE အဖြူရောင်မော်တော်ယာဉ်ဝဲဘက်ကို ဝင်ရောက်တိုက်မိခဲ့သဖြင့် ဆိုင်ကယ်စီးနင်းလာသူ ဇော်ထက်ခိုင်၊ အေးချမ်းသူနှင့် မော်တော်ယာဉ်ပေါ်ပါ ဦးမြဝင်းတို့တွင် ထိခိုက်ဒဏ်ရာများ အသီးသီးရရှိခဲ့သောကြောင့် ဇော်ထက်ခိုင်အား ဥသျှစ်ပင်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



## စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၂၉**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ သက်သေများနှင့်အတူ အောက်တိုဘာ ၂၆ ရက် မွန်းလွဲ ၂နာရီက ပုဗ္ဗသီရိမြို့နယ်၊ အောင်သုခကျေးရွာ၊ ငလိုက်ချောင်းတံတားအနီးတွင် တင်ရွှေ မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာဖွေရာ ၄င်းထံမှ စိတ်ကြွရူးသွပ်ဆေး ၁၀၇၂၅ ပြားနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် တင်ရွှေ (၅၆)နှစ်အား ပဗ္ဗာနယ်မြေရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားပြီး ကွင်းဆက်များကို ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## ဓားကိုင်ဆောင်သွားလာသူ အမျိုးသား နှစ်ဦးအား ဖမ်းဆီးအရေးယူ



**အမရပူရ အောက်တိုဘာ ၂၉**

ရှမ်းပြည်နယ်၊ လားရှိုးမြို့နယ်နှင့် မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်တို့၌ ဓားကိုင်ဆောင်သွားလာသူ အမျိုးသား နှစ်ဦးအား ဖမ်းဆီးအရေးယူထားသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၂၆ ရက် ည ၁၂ နာရီ ၁၀ မိနစ်တွင် ရှမ်းပြည်နယ်၊ လားရှိုးမြို့နယ်၊ လားရှိုးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက နယ်မြေလှည့်ကင်း ဆောင်ရွက်နေစဉ် အောင်မင်္ဂလာရပ်ကွက်အရောက်၌ အဆိုပါရပ်ကွက်နေ လော်ရောက်ကွား (၄၄)နှစ်အား အရိုး၊ အသွား ၁၈ လက်မခန့်ရှိ ဓားတစ်ချောင်းအား ကိုင်ဆောင်သွားလာနေသည်ကို တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် လော်ရောက်ကွားအား လားရှိုးမြို့မရဲစခန်းက လက်နက်ဥပဒေပုဒ်မဖြင့်လည်းကောင်း၊ အလားတူ အောက်တိုဘာ ၂၇ ရက် ည ၈ နာရီတွင် မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက နယ်မြေလှည့်ကင်းဆောင်ရွက်နေစဉ် အမရပူရမြို့နယ်၊ ဖျောက်ဆိပ်ကုန်းကျေးရွာလမ်းမပေါ်၌ မြစ်လောင်းကျေးရွာနေ ဖြိုးဝေစိုး (၃၁)နှစ်အား အရိုး၊ အသွား ၁၂ လက်မခန့်ရှိ ဓားတစ်ချောင်း ကိုင်ဆောင်သွားလာနေသည်ကို တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် ဖြိုးဝေစိုးအား မြစ်ငယ်နယ်မြေရဲစခန်းက လက်နက်ဥပဒေပုဒ်မဖြင့်လည်းကောင်း အသီးသီးအမှုဖွင့်အရေးယူထားကြောင်း သိရသည်။ (ဝဲပုံ)

**မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၂၉**

ရှမ်းပြည်နယ် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် သတင်းအရ သက်သေများနှင့်အတူ အောက်တိုဘာ ၂၆ ရက် မွန်းလွဲ ၃နာရီက ရပ်စောက်မြို့နယ်၊ ရွာသစ်ရပ်ကွက်၊ ကောင်းဘို့ကျေးရွာနေ မသန်းအေး၏ တောင်ယာတဲအား ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၇၂၀၀ အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် မသန်းအေး (၅၄)နှစ်အား ရပ်စောက်မြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားပြီး ကွင်းဆက်များကို ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။



(ဝဲပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

# ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား နှောင့်ယှက်ဟန့်တားဖျက်ဆီးလိုသည့် အနုပညာရှင်သုံးဦးကို ဥပဒေနှင့်အညီအရေးယူဆောင်ရွက်



မိုက်တီး(ခ)သန်းထွန်းဇော်


ကျော်ဝင်းထွဋ်(ခ)ကျော်မင်းထွဋ်


အုန်းဒိုင်း(ခ)ဇော်မြင့်

**နေပြည်တော် အောက်တိုဘာ ၂၉**

နိုင်ငံတော်အစိုးရအနေဖြင့် ပါတီစုံဒီမိုကရေစီစနစ်အား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား အောင်မြင်စွာကျင်းပနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ရွေးကောက်ပွဲအပေါ် နည်းလမ်းမျိုးစုံဖြင့် နှောင့်ယှက်ဟန့်တားနိုင်မည့် အခြေအနေမှ ကာကွယ်တားဆီးနိုင်ရန် ၂၀၂၅ ခုနှစ် ဇူလိုင် ၂၉ ရက်တွင် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တား ဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေး ဥပဒေပြဋ္ဌာန်းခဲ့ပြီး ဥပဒေလိုက်နာမှုမရှိသူများအား ထိထိရောက်ရောက် အရေးယူဆောင်ရွက်လျက်ရှိသည်။

ထိုကဲ့သို့ ဆောင်ရွက်လျက်ရှိရာ ၂၀၂၅ ခုနှစ် အောက်တိုဘာ ၂၇ ရက်တွင် **"ခေတ်သမိုင်းကို ဒုန်းစိုင်းမည့်သူများ"** ရွေးကောက်ပွဲအသိပညာပေးဇာတ်လမ်းနှင့် ဇာတ်လမ်းတွင် ပါဝင်သရုပ်ဆောင်ခဲ့သော အနုပညာရှင်များအား လူမှုကွန်ရက်မှတစ်ဆင့် မဟုတ်မမှန်ဝေဖန်ရေးသား၍ ရွေးကောက်ပွဲအပေါ် ပြည်သူလူထုမှ အထင်အမြင်လွဲမှားစေရန် လှုံ့ဆော်ခဲ့သည့် **ဒါရိုက်တာ မိုက်တီး(ခ) သန်းထွန်းဇော်၊ ဇာတ်ပို့သရုပ်ဆောင် ကျော်ဝင်းထွဋ် (ခ) ကျော်မင်းထွဋ်နှင့် ဟာသသရုပ်ဆောင် အုန်းဒိုင်း(ခ)ဇော်မြင့်** တို့အား ၎င်းတို့၏နေအိမ်အသီးသီးမှ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံများအား စိစစ်ဖော်ထုတ်ချက်အရ ၎င်းတို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ တပ်မတော်မှ နိုင်ငံတော်တာဝန်ထမ်းဆောင်နေသည့်အပေါ် ထောက်ခံမှုမရှိခဲ့သည့်အပြင် ဆူပူဆန္ဒပြပွဲများတွင် ကိုယ်တိုင်ပါဝင်ခဲ့ကြောင်း၊ ထို့ပြင် မကြာမီကျင်းပရန်ရှိသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စေရေးအတွက် ၎င်းတို့ တတ်ကျွမ်းသော အနုပညာကဏ္ဍမှ ပူးပေါင်းပါဝင်ခြင်း မရှိသည့်အပြင် အခြားသောအနုပညာရှင်များ၏ တစ်တပ်တစ်အား ပူးပေါင်းဆောင်ရွက်မှုအပေါ် ဝေဖန်တိုက်ခိုက်ခြင်း၊ ရွေးကောက်ပွဲအပေါ် ပြည်သူလူထုမှ ယုံကြည်မှု လျော့နည်းလာစေရန်ရည်ရွယ်၍ ရေးသားဖြန့်ဝေခြင်းများ ဆောင်ရွက်ခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။

အဆိုပါ တရားခံသုံးဦးအနက် **ဒါရိုက်တာ မိုက်တီး(ခ)သန်းထွန်းဇော်** သည် ၂၀၂၁ ခုနှစ်တွင် လူမှုကွန်ရက်မီဒီယာမှတစ်ဆင့် နိုင်ငံတော်အစိုးရအပေါ် ဝေဖန်ရေးသားခဲ့သောကြောင့် ရာဇသတ်ကြီး ဥပဒေပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်လှစ်အရေးယူခြင်းခံခဲ့ရပြီး ၂၀၂၂ ခုနှစ်၊ အောက်တိုဘာ ၂၈ ရက်တွင် နိုင်ငံတော်အစိုးရက စေတနာဖြင့် "နောက်တစ်ကြိမ် ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန် ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်" ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ပြုခဲ့သူဖြစ်ကြောင်း စိစစ်တွေ့ရှိရသဖြင့် ၎င်းအား ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကိုနှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေဖြင့် အရေးယူနိုင်ရေးအပြင် ယခင် လွတ်ငြိမ်းခွင့်ပြုခဲ့သော ပြစ်ဒဏ်အား ပြန်လည်ကျခံစေရေး ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်သည်။

ထို့ပြင် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲအပေါ် ပြည်သူလူထုမှ အထင်အမြင်လွဲမှားစေရန် လှုံ့ဆော်ခဲ့ကြသည့် **ကျော်ဝင်းထွဋ်(ခ)ကျော်မင်းထွဋ်နှင့် အုန်းဒိုင်း(ခ)ဇော်မြင့်**တို့ နှစ်ဦးအား ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေဖြင့် ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် နိုင်ငံတော်အစိုးရအနေဖြင့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အထွေထွေရွေးကောက်ပွဲအား ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးသတင်းထုတ်ပြန်ထားသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၁၆၆ ဦး ထပ်မံစစ်ဆေးနိုင်ခဲ့

**နေပြည်တော် အောက်တိုဘာ ၂၉**

နိုင်ငံတော်အစိုးရ အနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံး လုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ စုံစမ်းဖော်ထုတ်လျက်ရှိရာ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီ-မဲ့ထော်သလေး(KK Park) နယ်မြေမှ အွန်လိုင်း လောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ ကျူးလွန်ခဲ့ကြသည့် ဖိလစ်ပိုင်နိုင်ငံသား ၇၅ ဦး၊ အိန္ဒိယနိုင်ငံသား ၇၃ ဦး၊ တရုတ် နိုင်ငံသား ၁၇ ဦးနှင့် ကာဇက်စတန်နိုင်ငံသား တစ်ဦး စုစုပေါင်းပြည်ပနိုင်ငံသား ၁၆၆ ဦးကို ထပ်မံစစ်ဆေးနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များ၏ လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်း လုပ်ငန်းဆောင်ရွက်နေမှုတို့ကို မြဝတီခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကရင်ပြည်နယ် ဒုတိယ ညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ အောက်တိုဘာ ၂၉ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၀၆၄၀ ထိန်းသိမ်းနိုင်ခဲ့ကာ ၁၀၄၅၃ ဦးကို စစ်ဆေးခဲ့ပြီး ၎င်းတို့အနက်မှ ၉၃၆၅ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၂၇၅ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေး

**ပြင်ဦးလွင် အောက်တိုဘာ ၂၉**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးပွားလာကာ ကျေးလက်ဒေသဆင်းရဲမှုနှုန်း လျော့ကျစေရန် ရည်ရွယ်၍ သပြေကျင်းကျေးရွာအုပ်စု၊ ခွန်လိန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို အောက်တိုဘာ ၂၈ ရက် နံနက်ပိုင်းက ခွန်လိန်ကျေးရွာ၌ ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မွန်ကျော်နှင့် မြို့နယ်စီမံကိန်း တာဝန်ခံဝန်ထမ်းများက ခွန်လိန်ကျေးရွာတာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာ လုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံ၍ မြစိမ်းရောင်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ အကြောင်းအရာများ၊ စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ အရင်းအတိုးငွေများကို သတ်မှတ်ရက်အတွင်း ပေးသွင်းစေလိုကြောင်း၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက အဆိုပါကျေးရွာရှိ မြစိမ်းရောင် စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံသို့ စီမံကိန်းရန်ပုံငွေကျပ် ၄၆ ဒသမ ၈ သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင် စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ခွန်လိန်ကျေးရွာရှိ မြစိမ်းရောင် စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၆ ဦးကို ငွေကျပ် ၄၃ ဒသမ ၈ သန်းနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ သုံးဦးကို ငွေကျပ် ၃သန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၉ ဦးကို ငွေကျပ် ၄၆ ဒသမ ၈ သန်း ထုတ်ချေးခဲ့ကြောင်း ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးက ပြောသည်။

**အောင်ရဲကျော်**



# နှစ်ပေါင်း ၂၀၀ ကျော်ရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး ထာဝရတည်တံ့ခိုင်မြဲစေချင် . . .



ပိတ်သားမျက်နှာကြက်တော်နှင့် မဟာမုနိရုပ်ရှင်တော်ပုံ (သက္ကရာဇ်-၁၂၃၆) AD-1901

ရတနာပုံ မြို့တည်နန်းတည်ဟု ခေါ်ဆိုခဲ့သည့် ကျွန်တော်တို့ မန္တလေးမြို့ကြီးတွင် သမိုင်းဝင်ရှေးဟောင်း ဘုရား၊ စေတီ၊ ပုထိုး၊ ကျောင်း၊ ကန်များနှင့် သာသနိကအဆောက်အအုံများ ပြည့်နှက်လျက်ရှိပြီး အထင်ကရတစ်ဆူဖြစ်သည့် နှစ်ပေါင်း ၂၀၀ ကျော်ရှိပြီဖြစ်သော မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား ထာဝရတည်တံ့ခိုင်မြဲစေရန် ရည်သန်၍ တင်ပြလိုက်ပါသည်။

အမရပူရမြို့တည်နန်းတည် ဘိုးတော် ဗဒုံမင်းတရားကြီး တည်ထားကိုးကွယ်တော်မူသော ချမ်းမြသာစည်မြို့နယ်ရှိ သမိုင်းဝင်မဟာမုနိဘုရားကြီး ဂန္ဓကုဋိအုတ်ပြာသာဒ်တော်ကြီးတွင် ကိန်းဝပ်စံပယ်တော်မူသည့် မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား ရွှေသင်္ကန်းများနှင့် ရတနာပစ္စည်းများ လှူဒါန်းလျက်ရှိကြရာ ရုပ်ရှင်တော်မြတ်ကြီးမှာ သက်တမ်းအားဖြင့် ကြာမြင့်လာခြင်း၊ ကြီးမားသောသဒ္ဓါတရားဖြင့် လှူဒါန်းလျက်ရှိသော ရွှေသင်္ကန်းနှင့် အခြားရတနာများ၏ အလေးချိန်၊ နေ့စဉ်မပြတ်လှူဒါန်းနေသော ရွှေသင်္ကန်းများ တဖြည်းဖြည်းများပြားထူထဲလာခြင်းတို့ကြောင့် မူလ ပဉ္စလောဟာရုပ်ရှင်တော်မြတ်ကြီး ကိုယ်လုံးတော် ခံနိုင်ရည်စွမ်းသည် ယိုယွင်းချက်များ ဖြစ်ပေါ်လျက်ရှိသည်။

မဟာမုနိရုပ်ရှင်တော်မြတ်ကြီးမှာ သဗ္ဗညုတမြတ်စွာဘုရား သက်တော်ထင်ရှားရှိတော်မူစဉ် ဓညဝတီ ရခိုင်ပြည်ကြီး၌ စန္ဒသူရိယမင်းထီးနန်းစိုးစံချိန် သက္ကရာဇ် ၁၂၃ ခုတွင် ပဉ္စလောဟာ သတ္တုငါးမျိုးဖြင့် သွန်းလောင်းပြီး မြတ်စွာဘုရား ကိုယ်တိုင် ရင်ငွေ့တော် ခုနှစ်ကြိမ် သွန်းပြုချီးမြှင့်တော်မူခဲ့၏။

ဘိုးတော် ဗဒုံမင်းတရားကြီးလက်ထက် အမရပူရနေပြည်တော်သို့ ပင့်ဆောင်၍ အမရပူရမြို့တော်မြောက်ဘက်စွန်းတာတစ်ထောင်အကွာ(ယခုနေရာ)တွင် ဖန်မှန်၊ ရတနာတို့ဖြင့် စီခြယ်ထားသည့် ဘုံခုနစ်ဆင့်ရှိ ပြာသာဒ်တော်ကြီး၌ အမြင့် ၇ ပေ ပလ္လင်တော်ထက်တွင် ဉာဏ်တော် ၇ တောင် ၂ မိုက်(၁၂ ပေ ၇ လက်မ)၊ ဝဲယာဒူးခွင် အကွာအဝေးထက် ဝယ်တော် ၆ တောင် ၁ မိုက်(၉ ပေ ၆ လက်မ)ရှိ ရုပ်ရှင်တော်မြတ်ကြီးအား အပူဇော်ခံထားရှိသည်။

ဘိုးတော် ဗဒုံမင်းတရားကြီးသည် သက္ကရာဇ် ၁၁၄၇ ခု၊ (ခရစ် ၁၇၈၅ ခုနှစ်)တွင် ရုပ်ရှင်တော်မြတ်ကြီးအား မျက်နှာတော်ကို ချန်လှပ်၍ ရွှေပုဇွန်ခွံသင်္ကန်းနှင့် ရွှေမျက်ပါး (၈ ပိဿာ ၆၀ ကျပ်သား)၊ သက္ကရာဇ် ၁၁၅၂ ခု(ခရစ် ၁၇၉၀ ခုနှစ်)တွင် ရွှေချိန် ၁၄ ပိဿာရှိ နဖူးသင်းကျစ်ကို လှူဒါန်းတော်မူခဲ့၏။

ပုဂံမင်းကလည်း အဘိုးအနဂ္ဃထိုက်၍ ရတနာမျိုးစုံခြယ်လှယ်ထားသော ရွှေသားမကိုဋ်တော်၊ ရွှေသားတုရင်တော်များကို သက္ကရာဇ် ၁၂၁၄ ခု(ခရစ် ၁၈၅၂ ခုနှစ်)က လှူဒါန်းခဲ့၏။

သက္ကရာဇ် ၁၂၄၅ ခု(ခရစ်၁၈၈၃ ခုနှစ်)၊ နှောင်းတန်ခူးလဆန်း(၁၂)ရက်နေ့တွင် လောင်ခဲ့သော မီးကြောင့် မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၏ ရွှေသားမကိုဋ်တော်၊ နားပန်တော်၊ စလွယ်တော်များနှင့် ရွှေပုဇွန်ခွံသင်္ကန်းတော်များ ပျက်စီးခဲ့မှုနှင့်အတူ မဟာမုနိရုပ်ရှင်တော်မြတ်၏ မျက်နှာတော်လေးသစ်ခန့်ကွဲအက်ခဲ့ပြီး သီပေါမင်းလက်ထက်တွင် မျက်နှာတော်အသစ်ဖွင့်တော်မူသည့်အပြင် စိန်၊ မြ၊ ပတ္တမြား ရတနာမျိုးစုံလင်စွာ စီခြယ်ထားသော ရွှေသားမကိုဋ်တော်၊ နားပန်းတော်၊ စလွယ်တော်များနှင့် ရွှေပုဇွန်ခွံသင်္ကန်းတော်များကို ပြန်လည်ဆက်ကပ်လှူဒါန်းခဲ့၏။

ဘိုးတော်ဗဒုံမင်းတရားကြီး ပင့်ဆောင်ပြီး စတင်ပူဇော်သည့်အချိန်မှစ၍ နှစ်ပေါင်း ၂၀၀ ကျော်ရှိပြီဖြစ်သော မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား ရဟန်းရှင်လူ၊ ပြည်သူ ပြည်သားအပေါင်းတို့က မွန်မြတ်သောစိတ်ထားဖြင့် ဖူးမြော်ကြည်ညိုနေကြပြီး စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် ရွှေသင်္ကန်းများနှင့် ရတနာပစ္စည်းများ လှူဒါန်းလျက်ရှိကြရာ ရုပ်ရှင်တော်မြတ်ကြီး၏ သက်တမ်းကြာမြင့်လာခြင်း၊ ရွှေသင်္ကန်းနှင့် အခြားရတနာများ၏ အလေးချိန်တို့ကြောင့် မူလ ပဉ္စလောဟာရုပ်ရှင်တော်မြတ်ကြီး၏ ခံနိုင်စွမ်းအား ယိုယွင်းချက်များဖြစ်ပေါ်ခြင်း၊ ကြီးမားသော သဒ္ဓါတရားဖြင့် နေ့စဉ်မပြတ် လှူဒါန်းနေသော ရွှေသင်္ကန်းများ တဖြည်းဖြည်းများပြားထူထဲလာမှုကြောင့် ခရစ် ၁၉၉၄ ခုနှစ်တွင် ရုပ်ရှင်တော်မြတ်ကြီး၏ ရင်ဘက်တော်ကွဲအက်ခြင်း၊ ခရစ် ၂၀၁၉ ခုနှစ်တွင် စမခဏ်တော်အက်ကြောင်းပေါ်လာခြင်းတို့ကြောင့် ဩဝါဒါစရိယဆရာတော်ကြီးများထံမှ ဩဝါဒများခံယူပြီး ပညာရှင်များ၏ အကြံဉာဏ်များဖြင့် ညှိနှိုင်းတိုင်ပင်ထိန်းသိမ်းဆောင်ရွက်လျက်ရှိသည်။



မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား လက်ရှိဖူးမြင်ရပုံ

မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား မူလကပတိ ပဉ္စလောဟာ ရုပ်ပွားတော်အတိုင်း နောင်လာနောက်သားများ ကုသိုလ်သဒ္ဓါပွားများ ဖူးမြော်ကြည်ညိုနိုင်ရန်၊ ကပ်လှူထားသည့် ရွှေသင်္ကန်းများဖြင့် မဟာမုနိရုပ်ရှင်တော်မြတ်ကြီး ပုံစံတူ ရွှေစင်ရွှေသားအတိ ရုပ်ပွားတော်မြတ် သွန်းလုပ်အပူဇော်ခံထားရှိနိုင်ရန် ထေရ်ကြီးဝါကြီး ဩဝါဒါစရိယဆရာတော်ကြီးများထံမှ ဩဝါဒများခံယူပြီး ပညာရှင်များ၏ အကြံဉာဏ်များဖြင့် စီမံဆောင်ရွက်သွားမည်ဟုလည်း ကြားသိရသည်။

အဆိုပါ ဂန္ဓကုဋိ အုတ်ပြာသာဒ်(မဟာသုဝဏ္ဏပါသာဒပြာသာဒ်)ကိုလည်း အတွင်းပိုင်းမျက်နှာကြက်နှင့် အပြင်ပိုင်းပြာသာဒ်တော်ကြီးပါမကျန် ရွှေချပူဇော်ထားသဖြင့် ရွှေတောင်ကြီးပမာ ဗုဒ္ဓဘာသာဝင်တို့၏ ဂုဏ်ယူဖွယ်ရာ ပြယုဂ်တစ်ခုဖြစ်ခဲ့ပြီး သာသနာတော်အဓွန့်ရှည်တည်တံ့ထွန်းကား ပြန့်ပွားစေရန် ခေတ်အဆက်ဆက်ဆောင်ရွက်ခဲ့ကြသည်။

၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့ မွန်းလွဲပိုင်းက လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ဂန္ဓကုဋိ အုတ်ပြာသာဒ်ကြီး အပါအဝင် သာသနိကအဆောက်အအုံများ ထိခိုက်ပြိုကျပျက်စီးမှုများဖြစ်ပေါ်ခဲ့ပြီး ရှေးမူလက်ရာအတိုင်း ပြန်လည်တည်ဆောက်ပြုပြင်မွမ်းမံခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

**(ထာဝရတည်တံ့ခိုင်မြဲစေရန် ရည်သန်လျက် ......)**

**ချစ်ဦးမောင်**

## မန္တလေးမြို့တော် သန့်ရှင်းသာယာလှပရေးအတွက် မြို့နယ်အလိုက် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**မန္တလေး အောက်တိုဘာ ၂၉**

မန္တလေးမြို့တော်သန့်ရှင်းသာယာလှပရေးအတွက် မြို့နယ်များအလိုက် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခြင်းကို ယနေ့ နံနက်ပိုင်းမှ မွန်းလွဲပိုင်းအထိ အောင်မြေသာစံမြို့နယ်မှ အမရပူရမြို့နယ်အထိ မြို့နယ်အလိုက် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းအဖြစ် ရေစီးရေလာကောင်းမွန်စေရေးအတွက် မြောင်းများဆယ်ယူခြင်း၊ သစ်ပင်များ အလင်းဖွင့်ကိုင်းညှိခြင်း၊ မြို့တော်သာယာလှပရေးအတွက် ပလက်ဖောင်းများအတွင်း အလှစိုက်ပင်များ စိုက်ပျိုးခြင်းများကို ဆောင်ရွက်ခဲ့သည်။





ထိုသို့ ဆောင်ရွက်ရာတွင် အောင်မြေသာစံမြို့နယ်တွင် အရှေ့မြို့ပတ်လမ်း၊ ၁၀ လမ်းနှင့် မဲကင်းကုန်းရွာအဝင်လမ်းအထိ၊ ချမ်းအေးသာစံမြို့နယ်တွင် ၅၉ သံလမ်း၊ ၂၆ လမ်းနှင့် လမ်း ၃၀ ကြားတွင်လည်းကောင်း၊ မဟာအောင်မြေမြို့နယ်တွင် ၅၉ သံလမ်း၊ ၃၅ လမ်းနှင့် ၃၈ လမ်းကြားတွင် လည်းကောင်း၊ ချမ်းမြသာစည်မြို့နယ်တွင် ၅၉ သံလမ်း၊ ၁၀၇ လမ်းနှင့် ၁၁၀ လမ်းကြားတွင် လည်းကောင်း၊ ပြည်ကြီးတံခွန်မြို့နယ်တွင် စက်မှုပန်းခြံလမ်း၊ ၁၂၅ လမ်းနှင့် ၁၂၇ လမ်းကြားတွင်လည်းကောင်း၊ အမရပူရမြို့နယ်တွင် ရတနာပုံ တက္ကသိုလ်အဝင်လမ်း၊ လက်ခုတ်ပင်တံတားနှင့် တောင်သမန် မီးသတ်ရုံးကြားတွင် လည်းကောင်း မြို့နယ်အလိုက် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို ဌာနအလိုက် သန့်ရှင်းရေးဝန်ထမ်းများ၊ ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာန၊ ဈေးနှင့် သားသတ်ဌာန၊ စက်ရုံနှင့် မော်တော်ယာဉ်ဌာန၊ ရေနှင့်သန့်ရှင်းမှုဌာနတို့မှ ပူးပေါင်းဆောင်ရွက်နေမှုများကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးဝင်းမောင်၊ ကော်မတီဝင် ဦးမြင့်ဦး၊ ကော်မတီဝင် ဦးနေလင်းထွန်းတို့က လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၆)



# ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာသင်တန်းနှင့် မြန်မာ့ရိုးရာသိုင်းပညာသင်တန်းဖွင့်

**မန္တလေး အောက်တိုဘာ ၂၉**

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနသည် ခရီးသွားလုပ်ငန်းများ စနစ်တကျဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ပြီး အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်၊ ဆင်းရဲနွမ်းပါးမှု လျှော့ချစေရန်နှင့် ဟိုတယ်ဝန်ဆောင်မှု အရည်အသွေးကောင်းမွန်စေရန် ရည်ရွယ်၍ ကဏ္ဍပေါင်းစုံဖြင့် ဆောင်ရွက်လျက်ရှိရာ လူ့စွမ်းအားအရင်းအမြစ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဟိုတယ်ဘာသာရပ်ဆိုင်ရာသင်တန်းများကို ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆိုင်ရာ ပုဂ္ဂလိကအသင်းအဖွဲ့များ၏ ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် စဉ်ဆက်မပြတ် ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ပံ့ပိုးကူညီမှုဖြင့် ဖွင့်လှစ်သည့် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းနှင့် မြန်မာ့ရိုးရာသိုင်းပညာရပ် သင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၂၈ရက် နံနက်ပိုင်းက မန္တလေးမြို့၊ အောင်မြင်ခြင်းဟိုတယ်၌ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေး၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် အရာထမ်း၊ အမှုထမ်းများ၊ ဖိတ်ကြားထားသည့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မန္တလေးတိုင်းဒေသကြီး မြန်မာ့သိုင်းဆပ်ကော်မတီမှ အဖွဲ့ဝင်များ၊ သင်တန်းနည်းပြများ၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ သင်တန်းသား၊ သင်တန်းသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ကြသည်။

အဆိုပါအခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးက အဖွင့်အမှာစကားပြောကြားပြီး ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးက အမှာစကားပြောကြားခဲ့သည်။ ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး မြန်မာ့သိုင်း ဆပ်ကော်မတီနာယက ဒေါက်တာ မောင်မောင်လေးနှင့် ဟိုတယ်ဝန်ဆောင်မှု သင်တန်းနည်းပြဆရာတစ်ဦးက သင်တန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြသည်။

ဟိုတယ်ဝန်ဆောင်မှုသင်တန်းမှ ဧည့်ကြိုသင်တန်း ၃၀ ဦး၊ အိပ်ခန်းဆောင်ထိန်းသိမ်းရေး သင်တန်း၃၇ဦး၊ အစားအစာနှင့် အဖျော်ယမကာ ဧည့်ခံကျွေးမွေးရေးသင်တန်း ၃၂ ဦး၊ စုစုပေါင်း သင်တန်းသား၊ သင်တန်းသူ ၉၉ ဦးတို့ တက်ရောက်ခဲ့ပြီး သင်တန်းတစ်ချိန်လျှင် တစ်နာရီနှုန်း တစ်ရက်လျှင် သင်တန်းငါးကြိမ် ရက်သတ္တ နှစ်ပတ် သင်ကြားဖွင့်လှစ်သွားမည်ဖြစ်သည်။

မြန်မာ့ရိုးရာသိုင်းပညာရပ် သင်တန်းကို သင်တန်းသား၊ သင်တန်းသူ ၃၃ ဦးဖြင့် အောက်တိုဘာ ၂၈ရက်မှ နိုဝင်ဘာ ၂၉ ရက်အထိ တစ်လကြာ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)

**စာနည်ကိုကို**

# မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**နောင်မွန် အောက်တိုဘာ ၂၉**

ကချင်ပြည်နယ်၊ ပူတာအိုခရိုင်၊ နောင်မွန်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် အသေးစားစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန်နှင့် အတိုးနှုန်းသက်သာသည့် ငွေကြေးအရင်းအနှီးများ ရရှိစေရန် ရည်ရွယ်၍ နမ်ပန်ဒမ်းကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် ဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ စစ်ဆေးရာတွင် နောင်မွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်လွင်နှင့် မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းများသည် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၂၇ ဒသမ ၈ သန်းဖြင့် ဆောင်ရွက်ထားရှိသော မွေးမြူရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့်စာရင်း ငွေစာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိ စစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ နမ်ပန်ဒမ်းကျေးရွာတွင် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၈ဦးကို ငွေကျပ် ၁၅ ဒသမ ၈သန်း၊ ရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်သူ သုံးဦးကို ငွေကျပ် သုံးသန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်သူ ကိုးဦးကို ကိုးသန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၀ ဦးကို အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၂၇ ဒသမ ၈သန်း အတိုးနှုန်း သက်သာစွာဖြင့် ထုတ်ချေးပေးထားကြောင်း နောင်မွန်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးထံမှ သိရသည်။

**(အောက်ပုံ)(ဝ၄၀)**



# ဆောင်းမြေပဲစိုက်ပျိုးမှုတွင် သွင်းအားစုသုံးစွဲမှုပေါ်မူတည်ပြီး အထွက်နှုန်းကွာခြား

**ပုသိမ်ကြီး အောက်တိုဘာ ၂၉**

အောက်တိုဘာလကုန်ပိုင်း မှစတင်၍ ဆောင်းမြေပဲစိုက်ပျိုးမှုတွင် သွင်းအားစုမြေဩဇာသုံးစွဲမှုအပေါ်မူတည်ပြီး မြေပဲအထွက်နှုန်း သိသာစွာကွာခြားမှုရှိကြောင်း မြေပဲစိုက်တောင်သူများထံမှ သိရသည်။

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် သံဘိုကျွန်းကျေးရွာမှာ ဧရာဝတီမြစ် မြေနုကျွန်း စိုက်ခင်းများတွင် စိုက်ပျိုးတာကြောင့် မြေဩဇာသုံးစွဲမှုနည်းပါးပြီး သဘာဝအတိုင်း စိုက်ပျိုးမှုများပြားပြီး အချို့တောင်သူများမှာ ၁၅း၁၅း၁၅ ကွန်ပေါင်းမြေဩဇာကို တစ်ဧက တစ်အိတ်ခန့်သုံးစွဲပေးလျှင် အထွက်နှုန်း သိသာစွာ ကောင်းမွန်ကြောင်း မြေပဲစိုက်တောင်သူများက ပြောသည်။

မြေနုကျွန်းဒေသများ၌ ဆောင်းမြေပဲစိုက်ပျိုးမှုတွင် တစ်ဧက မြေပဲတင်း ၅၀-၆၀ ပုံမှန်ထွက်ရှိသော်လည်း ၁၅း၁၅း၁၅ ကွန်ပေါင်းမြေဩဇာ တစ်ဧက တစ်အိတ်နှုန်းခန့် ထည့်သွင်းပေးပါက မြေပဲအထွက်နှုန်းနှင့် မြေပဲဆန်အရည်အသွေး ကွာခြားမှုရှိကြောင်း သံဘိုကျွန်းကျေးရွာမှ မြေပဲစိုက်တောင်သူ ဦးခင်မောင်ရင်က ပြောသည်။

နှစ်စဉ်အောက်တိုဘာလလယ်မှစတင်ကာ ရေကျဆင်းပြီး ကုန်းမြေများတွင် မြေပြုပြင်၍ အောက်တိုဘာ လကုန်ပိုင်းတွင် အပြီးသတ် စိုက်ပျိုးကြကြောင်း၊ ယခုနှစ်တွင် မြေပဲမျိုးများမှာ ယခင်နှစ်ထက် ဈေးပိုမိုကုန်ကျကြောင်း၊ မြေပဲတစ်ဧကလျှင် မကွေး အထွက်တိုးနီမျိုး ၄၅ ပြည်သုံးစွဲစိုက်ပျိုးရာ မြေပဲမျိုးစရိတ်မှာ တစ်ဧကအတွက် ငွေကျပ် ၄၀၀၀၀၀ ခန့်နှင့် မြေပြုပြင်စိုက်ပျိုးစရိတ် စုစုပေါင်း တစ်ဧက စိုက်ပျိုးစရိတ်ငွေကျပ် ၇၀၀၀၀၀ ခန့် ကုန်ကျကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

သီးနှံများစိုက်ပျိုးရာတွင် မြေဆီ၊ မြေဩဇာသုံးစွဲမှုမှာ တောင်သူများ၏ စိုက်ပျိုးရာသီအလိုက် သီးနှံများ၏အထွက်နှုန်းနှင့် အရည်အသွေးများ ကောင်းမွန်စေရန် အထူးလိုအပ်ပြီး သုံးစွဲမှုနှင့် အထွက်နှုန်းမှာလည်း တိုက်ရိုက်အချိုးကျကြောင်း သိရသည်။

တောင်သူများအနေဖြင့် ဒေသတစ်ခုတည်းမှာ ရာသီအလိုက် သီးနှံအမယ်တူ၊ မျိုး၊ ရာသီတူ စိုက်ပျိုးကြသော်လည်း တစ်ဦးနှင့်တစ်ဦး အထွက်နှုန်းမတူညီခြင်းမှာ သွင်းအားစု သုံးစွဲမှုနှင့် စိုက်ပျိုးစနစ်မှန်ကန်ခြင်းပေါ် မူတည်သည်။

သံဘိုကျွန်းကျေးရွာ၏ စိုက်ပျိုးဧကများမှာ ကန်စွန်းစိုက်ဧက ၇၅ ရာခိုင်နှုန်း စိုက်ပျိုးပြီး ၂၅ ရာခိုင်နှုန်းမှာ မြေပဲစိုက်ပျိုးကြကြောင်း သိရသည်။

**(အောက်ပုံ)ရွှေမန်း**



# ထောပတ်သီးများ ဈေးကွက်ဝယ်လိုအားကောင်းနေသဖြင့် တိုးချဲ့စိုက်ပျိုးရန်လို

ပြည်တွင်းမှ ထောပတ်သီးများမှာ ပြည်တွင်း၊ ပြည်ပဝယ်လိုအားကောင်းလာသဖြင့် တိုးချဲ့စိုက်ပျိုးသွားရန် မြန်မာနိုင်ငံ ထောပတ်သီးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ သိရသည်။

ယခုနှစ်တွင် မိုးရေကောင်းမွန်စွာရသည့်အတွက် ထောပတ်သီးအထွက်နှုန်းကောင်းမွန်ပြီး ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိသည်။

"အခုချိန်က Hass အမျိုးအစား ထောပတ်သီးရာသီပါ။ ဒေသမျိုးတွေရော စိုက်ပျိုးလာကြတဲ့အတွက် သူ့ရာသီနဲ့သူ စိုက်တဲ့ ထောပတ်သီးတွေကို တစ်နှစ်ပတ်လုံးနီးပါး ဈေးကွက်မှာ ဝယ်နိုင်ပါပြီ။ ဈေးကွက်ရှိတဲ့အတွက် ထောပတ်သီးစိုက်ဧကတွေလည်း တစ်နှစ်ထက် တစ်နှစ်တိုးလာတယ်။ ဒီထက်ပိုပြီး တိုးချဲ့စိုက်ပျိုးဖို့ စီစဉ်သွားမှာပါ" ဟု အသင်းတာဝန်ရှိသူတစ်ဦးက ပြောသည်။

ထောပတ်သီးကို တရုတ်သို့ တင်ပို့နိုင်ရေးအတွက် GACC လက်မှတ်ရရှိရန် စိုက်ပျိုးထုတ်လုပ်သူများအနေဖြင့် အသင်းနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း၊ ယခုနှစ်တွင် အရည်အသွေးမြင့် Hass ထောပတ်သီးများကို စင်ကာပူနှင့် ထိုင်းနိုင်ငံသို့ အဓိက တင်ပို့သွားမည်ဖြစ်ကြောင်း သိရသည်။

"ပြီးခဲ့တဲ့နှစ်က ထောပတ်သီးရာသီမှာ Hass တန်ချိန် ၃၀၀၀ ခန့်ထွက်ရှိခဲ့ပြီး ဒီနှစ်မှာ အဲ့ဒီထက် အထွက်နှုန်းကောင်းနိုင်တယ်။ စိုက်ဧက တိုးလာသလို ရာသီချိန်မှာ မိုးကောင်းကောင်း ရလိုက်လို့ပါ။ ထောပတ်ဈေးကွက်က ပြည်တွင်းဝယ်လိုအားကောင်းလာတာကလည်း နှစ်နှစ်ကျော် ရာသီရောက်လာပါပြီ" ဟု ဆက်လက်ပြောကြားသည်။

ပြည်တွင်း၌ ထောပတ်သီး စိုက်ဧက ၂၅၀၀၀ ခန့်ရှိပြီး ရှမ်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်(တောင်ပိုင်း) စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်တို့တွင် စိုက်ပျိုးကြကြောင်း၊ ပြည်ပဈေးကွက်အဖြစ် မလေးရှားသို့ စမ်းသပ်တင်ပို့ထားသကဲ့သို့ အိန္ဒိယနိုင်ငံသို့လည်း အနည်းငယ်တင်ပို့နေကြောင်း သိရသည်။ (ဝဲပုံ)

**(မန္တလေးနေ့စဉ်-၉)**



ကျန်းမာရေး ကဏ္ဍ

# ကျန်းမာရေးအတွက် ဆေးနည်းများ

အောင်မျိုးမြတ်(မန္တလေး)



**မဲဇလီ**

မဲဇလီရွက်နု လက်တစ်ဆုပ်စာ(သို့မဟုတ်) မဲဇလီပန်းကို ရေနဲ့ ၁၀ မိနစ်ခန့်ပြုတ်ပါ။ ၎င်းပြုတ်ရည်ကို အိပ်ရာမဝင်မီ တစ်ခွက်သောက်ပါက ကောင်းစွာအိပ်ပျော်စေပြီး စိုးရိမ်ကြောင့်ကြမှုများကို ပြေပျောက်စေပါတယ်။ စိတ်ဂနာမငြိမ်ခြင်းကို လျှော့ချပေးပြီး ကိုက်ခဲခြင်းကို ပြေစေကာ ဝမ်းချုပ်ခြင်းကို ကောင်းစွာ ဖြေရှင်းပေးနိုင်ပါတယ်။ ထို့ပြင် ထုံကျင်ကိုက်ခဲခြင်း၊ လက်ဝါး၊ ခြေဖဝါးထုံကျင်ခြင်း၊ ခါးနာ၊ ခါးကိုက်ခြင်းများကိုလည်း ပျောက်ကင်းစေပါတယ်။



**သက်ရင်းကြီး**

သက်ရင်းကြီးရွက်ကို ကြိတ်ပြီး အုံပေးပါက မပျောက်နိုင်သော အနာအို၊ အနာဟောင်းများ အသားနုတက်ပြီး အမြန်ပျောက်ကင်းစေပါတယ်။

သက်ရင်းကြီးရွက်နုနုလေးတွေကို ပြုတ်ပြီး သုပ်စားပေးရင် ဝမ်းမှန်၊ လေမှန်စေပါတယ်။

အမျိုးသမီးများ သွေးလေမမှန်ဘဲ ပိန်နေပါက သက်ရင်းကြီးအမြစ်ကို သွေးပြီး ဆားအနည်းငယ်ထည့်ကာ နေ့စဉ် တစ်ရက်လျှင် တစ်ကြိမ်သောက်ပေးပါက သွေးလေမှန်စေပြီး အလှတိုးစေပါတယ်။

သက်ရင်းကြီးမြစ်ကို သံပရာရည်နဲ့သွေးပြီး တစ်နေ့လျှင် တစ်ကြိမ်သောက်ပါက အညောင်းထိုင်သူများ၊ လိပ်ခေါင်းရှိသူများ၊ အကြောတက်သူများအတွက် ကောင်းမွန်တဲ့ ဆေးစွမ်းတစ်လက်ဖြစ်ပါတယ်။

သက်ရင်းကြီးရွက်နဲ့ ခွေးသေးပန်းရွက်သတ္တုရည်ကို တစ်ဇွန်းစီရောပြီး တစ်နေ့လျှင် သုံးကြိမ်သောက်ပါက လေနှင့် သလိပ်တို့ကြောင့်ဖြစ်သော ချောင်းဆိုးပျောက်ကင်းစေပါတယ်။

သက်ရင်းကြီးရွက်၊ ဆားနဲ့ မိဿလင်တို့ကို ထောင်းပြီး ကြပ်ထုပ်ပြုလုပ်၍ ထိုးပေးပါက ဒဏ်ကြေစေပါတယ်။

သက်ရင်းကြီးအခေါက်ကို ထောင်းပြီး နှမ်းဆီနဲ့ချက်ကာ ဒဏ်နာများ၊ ရောင်တင်းခြင်းနဲ့ အကြောရောဂါများကို လိမ်းပြီး ကြပ်ထုပ်ထိုးပေးပါက ပျောက်ကင်းစေပါတယ်။

သက်ရင်းကြီးရွက်သတ္တုရည်တစ်ဇွန်းကို တစ်နေ့လျှင် သုံးကြိမ်ပုံမှန်သောက်ပေးပါက ဝမ်းကိုက်ရောဂါပျောက်ကင်းစေပါတယ်။

သက်ရင်းကြီးမြစ်အမှုန့်နဲ့ လင်္ကာသီးအနှစ်ကို ရောပြီး ညအိပ်ရာဝင်တိုင်းသောက်ပေးပါက ဝမ်းသွားစေပြီး စမြင်းကြေစေပါတယ်။

သက်ရင်းကြီးရွက်နုနုနဲ့ နမဏီသန်လျက်အရွက်တို့ကိုထောင်းပြီး အုံပေးပါက အနာအို၊ အနာဟောင်းများ အလျင်အမြန် သက်သာပျောက်ကင်းစေပါတယ်။

သက်ရင်းကြီးမြစ်အမှုန့်နဲ့ ဆိတ်နံကြီးအမြစ်အမှုန့်ကို ရောပြီး နံနက်၊ ညသောက်၍ သက်ရင်းကြီးရွက်ပြုတ်ရည်နဲ့ ရေချိုးပေးပါက အဖောရောဂါ အမြန်ဆုံးပျောက်ကင်းစေပါတယ်။

သက်ရင်းကြီးရွက်အမှုန့်နဲ့ ကွမ်းရွက်သတ္တုရည်ကို နံနက်၊ ညသောက်ပေးပါက အဖျား၊ အဆုတ်အအေးမိခြင်းနဲ့ အဆုတ်ပွခြင်းတို့ကို သက်သာပျောက်ကင်းစေပါတယ်။

သက်ရင်းကြီးမြစ်အမှုန့်နဲ့ ချောင်းခြားမြစ်အမှုန့်တို့ကို ဆတူရောပြီး ရှောက်ရည်နဲ့ နံနက်၊ ညသောက်ပေးပါက အသည်းကြီးခြင်းနဲ့အသည်းခြောက်ခြင်းတို့ကို ပျောက်ကင်းစေပါတယ်။

သက်ရင်းကြီးမြစ်အမှုန့်ကို ဝါးရွက်ပြုတ်ရည်နဲ့သောက်ပါက မီးယပ်သွေးမမှန်ခြင်းနဲ့ ရာသီချိန်ကိုက်ခဲခြင်းတို့ ပျောက်ကင်းစေပါတယ်။

အမျိုးသမီးများ မီးယပ်ဖြူဆင်းခြင်း၊ သားအိမ်မသန့်ရှင်းခြင်းနဲ့ ယောနိဒွါအနာများဖြစ်ပါက သက်ရင်းကြီးရွက်ပြုတ်ရည်နဲ့ ဆေးပေးလျှင် ပျောက်ကင်းစေပါတယ်။

အမျိုးသမီးများ သွေးဆုံးချိန်တွင်ဖြစ်ပေါ်သော သွေးဆုံးမီးယပ်ရောဂါအတွက် သက်ရင်းကြီးရွက်အမှုန့် တစ်ဆ၊ ရှားစောင်းလက်ပပ်အနှစ် သုံးဆနဲ့ ရောကျိုပါ။ ယင်းနောက် ထန်းလျက် နှစ်ဆ၊ မန်ကျည်းမှည့် နှစ်ဆထည့်ကျို၍ အအေးခံပြီး ပျားရည် နှစ်ဆနဲ့ ရောမွှေပါ။ ထိုဆေးကို တစ်နေ့လျှင် နှစ်ကြိမ် ကော်ဖီဇွန်းတစ်ဇွန်း သောက်ပေးပါ။

ခါးနာနေပါက သက်ရင်းကြီးရွက်ကို ထုချေပြီး ခါးပေါ်အုံပေးကာ ပတ်တီးပါးပါးလေး နာရီဝက်ခန့်စည်းထားပေးပါက ပျောက်ကင်းစေပါတယ်။



**ကြောင်ပန်းရွက်**

ကြောင်ပန်းရွက်ကို ကြိတ်ချေ၍ ရေနွေးနွေးထဲထည့်ပြီး ရေချိုးပါက လေဖြတ်၊ လေငန်းနဲ့ ထုံကျင်နာများ သက်သာစေပါတယ်။

ကလေးများ အညှော်မိခြင်း၊ အဖျားကြီးခြင်းဖြစ်ပါက ကြောင်ပန်းမြစ်ကို သွေးတိုက်ခြင်း၊ နှာရှူစေခြင်းဖြင့် ပျောက်ကင်းပါတယ်။

ကြောင်ပန်းရွက်ကို ရေနွေးဖြော၍ သုပ်စားပါက လေနာ၊ ဝမ်းဖောဝမ်းရောင်ရောဂါများ ပျောက်ကင်းပါတယ်။

အနာဖြစ်လျှင် ကြောင်ပန်းရွက်အရည်ကို ညှစ်ပြီးလိမ်းပေးပါက ပျောက်ကင်းပါတယ်။

ကြောင်ပန်းရွက်ပြုတ်ရည်ကို သောက်ပါက အဖျား၊ ညောင်းကျရောဂါ၊ ငှက်ဖျား၊ မီးတွင်းဖျားရောဂါများ ပျောက်ကင်းပါတယ်။

အရေပြားရောဂါဖြစ်ပါက ကြောင်ပန်းရွက်အရည်ကို ညှစ်သောက်ပါ။ လိမ်းပေးပါ။

နားပြည်ယို၊ နားကိုက်ဖြစ်ပါက ကြောင်ပန်းရွက်သတ္တုရည်နဲ့ ပျားရည်စစ်စစ်၊ နှမ်းဆီတို့ကို ဆတူရောပြီး နားကို ကြပ်ပေးပါ။

ကြောင်ပန်းရွက်သတ္တုရည်နဲ့ သက်ရင်းကြီးမြစ်သွေးပြီး ရသည့်အရည်ကိုရောပြီး သောက်ပါက ဖောရောင်တာတွေ ပျောက်ကင်းပါတယ်။

ကြောင်ပန်းရွက် သတ္တုရည်ကိုလည်းကောင်း၊ ကြောင်ပန်းရွက်ပြုတ်ရည်ကိုလည်းကောင်း သောက်ပါက အကြောရောဂါပျောက်ကင်းပါတယ်။

ကြောင်ပန်းရွက် လက်နှစ်ဆုပ်စာ သတ္တုရည်၊ ဓာတ်ဆီအကြမ်းပန်းကန်တစ်လုံးထဲသို့ သံပရာသီးတစ်လုံးကို ညှစ်ထည့်ပါ။ ထိုအရည်ကို လိမ်းပေးပါက အကြောကပ်၊ အကြောသေ၊ လေဖြန်း၊ လေဖြတ်ရောဂါများ ပျောက်ကင်းပါတယ်။

နို့တိုက်မိခင်များ နို့မထွက်ပါက ကြောင်ပန်းရွက်နဲ့ နွားမြီးကို ဟင်းခါးချက်သောက်ပါ။

သူငယ်နာအကြောဆွဲဖြစ်ပါက မုန်ညင်းဆီလိမ်းပေးပြီး ကြောင်ပန်းရွက်ကို ခင်းသိပ်ပါ။

ကလေးများ ဝမ်းပျက်ပါက ကြောင်ပန်းရွက်ပြုတ်ရည်ကို ထမင်းစားဇွန်း တစ်ဇွန်းတိုက်ပေးပါ။

ကြောင်ပန်းရွက်ကို ပြာချပြီး အုန်းဆီနဲ့ဖျော်လိမ်းပါက ယားနာအမျိုးမျိုး ပျောက်ကင်းပါတယ်။

နွားအချင်းနဲ့ ကြောင်းပန်းရွက်ချက်စားပါက နူနာပိုးများ သေစေပါတယ်။

ကြက်မျက်သင့်ပါက ကြောင်ပန်းရွက်နဲ့ ရိုက်ပေးပါ။

မောပန်းခြင်း၊ အားအင်ချိနဲ့ခြင်းဖြစ်ပါက ကြောင်ပန်းရွက်နဲ့ အမဲသားကို ချက်စားပါ။

အဆုတ်နာဖြစ်ပါက ကြက်သွန်ဖြူ၊ နနွင်းစိမ်းနဲ့ ကြောင်ပန်းရွက်သုံးမျိုးကို ရောကြိတ်ပြီး ဆီးကင်းခန့် ရေနွေးနဲ့ တစ်နေ့ တစ်ကြိမ်သောက်ပေးပါ။

ကလေးငယ်များ ကြောပူ၊ ခေါင်းပူဖြစ်ပါက ကြောင်းပန်းရွက်ပြုတ်ရည်နဲ့ ရေချိုးပေးပါ။



**နံနံပင်**

နံနံပင်ဟာ ခန္ဓာကိုယ်ထဲမှာရှိတဲ့ အဆိပ်အတောက်တွေကို ဖယ်ရှားပေးနိုင်ပါတယ်။ နံနံပင်မှာ ဗီတာမင်ကေ၊ စီ၊ အေနဲ့ ဖောလစ်အက်စစ်၊ သံဓာတ်စသည်တို့ပါဝင်သောကြောင့် ကျောက်ကပ်ထဲက အဆိပ်အတောက်တွေကို ဖယ်ရှားပေးနိုင်ပါတယ်။ ထို့အပြင် ကျောက်ကပ်ထဲမှာ ကျောက်တည်တာတွေကိုလည်း ဖယ်ရှားပေးနိုင်ပါတယ်။

နံနံပင်က ဆီးရှင်စေပြီး ဆီးသွားတဲ့နှုန်းကို များအောင်လုပ်ပေးနိုင်သောကြောင့် ကျောက်ကပ်ထဲမှာရှိတဲ့ ကျောက်တွေကို ဖယ်ရှားပေးနိုင်ပါတယ်။ ကျောက်ကပ်ထဲမှာ ဆားတွေအနည်ထိုင်ပြီး ကျောက်မတည်နိုင်အောင်လည်း ကူညီပေးပါတယ်။ ဒါ့အပြင် စိတ်တည်ငြိမ်အောင်လည်း ကူညီပေးပါတယ်။

နံနံပင် တစ်စည်းကို ရေစင်အောင်ဆေးပြီး အပိုင်းကြီးကြီးလှီးပါ။ ဇလုံတစ်ခုထဲသို့ထည့်ကာ ရေလောင်းချပါ။ မီးဖိုပေါ်တင်ပြီး ၁၀ မိနစ် လောက်ဆူပွက်အောင်ထားပါ။ အရည်ကိုစစ်ယူပြီး အအေးခံပါ။ သံပရာသီးတစ်ခြမ်းညှစ်ပြီး ပျားရည်ထည့်ပါ။ ထိုအရည်ကို တစ်နေ့ နှစ်ကြိမ် တစ်ပတ်ခန့် သောက်ပေးပါ။

**သတိပြုရန်**

နံနံပင်ဟာ ဘေးထွက်ဆိုးကျိုးမရှိသော်လည်း ကိုယ်ဝန်ဆောင်မိခင်တွေ မသောက်သင့်ပါဘူး။ ကိုယ်ဝန်ပျက်ကျနိုင်ပါတယ်။ သွေးတိုးကျဆေးသောက်နေတဲ့သူတွေလည်း မသောက်သင့်ပါဘူး။



**ငှက်ပျောဖူး**

ငှက်ပျောဖူးမှာ အမျှင်ဓာတ်နဲ့ ဓာတ်တိုးဆန့်ကျင်ပစ္စည်းတွေ ကြွယ်ဝတဲ့ အာဟာရတွေ ပါဝင်ပါတယ်။ ငှက်ပျောဖူးဟာ နှလုံးကျန်းမာရေးအတွက်ကောင်းမွန်တဲ့ အစားအစာဖြစ်ပြီး နှလုံးနဲ့သွေးကြောဆိုင်ရာကျန်းမာရေးကို အားဖြည့်ပေးနိုင်တဲ့ အာဟာရဓာတ်တွေကို ပေးစွမ်းနိုင်ပါတယ်။

သွေးကြောနံရံတွေကို ပြေလျော့စေပြီး သွေးပေါင်ချိန်ကို ထိန်းညှိပေးနိုင်ပါတယ်။ ကိုလက်စထရောတွေကို လျှော့ချပေးပြီး နှလုံးရောဂါဖြစ်နိုင်ခြေကို လျှော့ချပေးပါတယ်။

ရောင်ရမ်းမှုကိုလျှော့ချပေးပြီး သွေးကြောတွေကို ကာကွယ်ပေးပါတယ်။

ဝမ်းချုပ်ခြင်းနဲ့ အစာခြေစနစ်ဆိုင်ရာ ပြဿနာတွေဟာ အသက်ကြီးလာတာနဲ့အမျှ ပိုမိုအဖြစ်များလာနိုင်ပါတယ်။ ဒါပေမဲ့ ငှက်ပျောဖူးမှာပါဝင်တဲ့ အမျှင်ဓာတ်မြင့်မားမှုဟာ ကျန်းမာတဲ့အူလမ်းကြောင်းကို အားပေးပါတယ်။ ပုံမှန်ဝမ်းသွားခြင်းကို အထောက်အကူပြုပြီး ဝမ်းချုပ်ခြင်းကို ကာကွယ်ပေးပါတယ်။

အစာခြေလမ်းကြောင်းဆိုင်ရာ မအီမသာဖြစ်မှုများကို သက်သာစေပြီး ဗိုက်ပူခြင်းကိုလည်း လျှော့ချပေးပါတယ်။

ငှက်ပျောဖူးကို ပါးပါးလှီး၊ နေလှန်းပြီး ရေနွေးနဲ့ လက်ဖက်ရည်ကြမ်းကဲ့သို့ သောက်ပေးပါက ငှက်ပျောဖူးမှာပါဝင်တဲ့ သတ္တုဓာတ်တွေကို ရရှိနိုင်ပါတယ်။

ငှက်ပျောဖူးကို ကြော်စား၊ သုပ်စားပါ။ တစ်ပတ်လျှင် နှစ်ကြိမ်၊ သုံးကြိမ် ဖျော်ရည်လုပ်သောက်ပါက အစာကြေလွယ်စေပါတယ်။



**ပြည်ပန်းညို**

ပြည်ပန်းညိုသည် အေး၏၊ အရသာ ဖန်ခါး၏၊ ဆီးကို များစေ၍ ညောင်းကျရောဂါကို ပျောက်ကင်းစေ၏။

အရွက်သတ္တုရည်ကို နို့ရည်၊ သကြားတို့နှင့် သောက်လျှင် ဆီးအောင့်နှင့် ညောင်းကျရောဂါများ ပျောက်ကင်းပါတယ်။

ပြည်ပန်းညိုရွက်ကို ပြုတ်၍ ပုစွန်ခြောက်နဲ့ သုပ်စားပါက လေထိုးလေအောင့်၊ လေလုံး၊ အဖျား၊ ဆီးချိုရောဂါများ ပျောက်ကင်းပါတယ်။

ပြည်ပန်းညိုရွက်နဲ့ အပွင့်တို့ကို အမှုန့်ပြုလုပ်၍ စားပါက လေရောဂါ၊ အပူရောဂါများ ပျောက်ကင်းပါတယ်။

အရွက်ကို ဟင်းချိုချက်သောက်ပါက သွေးဝမ်းရောဂါ၊ လေရောဂါ၊ အစာမကြေ၊ သည်းခြေပျက်ရောဂါများပျောက်ကင်းပြီး အားဖြစ်စေပါတယ်။

"အာရောဂျံ ပရမံ လာဘံ"

ကိုးကား – Tik Tok

# UE Export Import Company Limited

## (ယူအီးအိပ်(စ်)ပို့(တ်)အင်(မ်)ပို့(တ်)ကုမ္ပဏီလီမိတက်)

## (တရားရုံးအမိန့်အရ စာရင်းရှင်းလင်းဖျက်သိမ်းဆဲ)

## အမှတ်(သ-၁၅/၂၄)၊ ၁၁၅လမ်းနှင့်၇၄(A)လမ်းထောင့်

## ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

## အိတ်ဖွင့်လေလံကြော်ငြာအမှတ်(၀၇/ ၂၀၂၅ - ၂၀၂၆)(၂၀-၁၀-၂၀၂၅)

## အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချခြင်း

၁။ UE Export Import Company Limited (ယူအီးအိပ်(စ်)ပို့(တ်)အင်(မ်)ပို့(တ်)ကုမ္ပဏီလီမိတက်) (တရားရုံးအမိန့်အရ စာရင်းရှင်းလင်းဖျက်သိမ်းဆဲ)ပိုင်မြေနှင့် အဆောက်အအုံများနှင့် Office Supplies (ရုံးသုံးပရိဘောဂများနှင့် အခြားပစ္စည်းများ)ကို အောက်ပါအစီအစဉ်အတိုင်း အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချမည် ဖြစ်ပါသည်။

**(က) အိတ်ဖွင့်လေလံဖြင့် ရောင်းချမည့်အစီအစဉ်**

**အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချမည့် နေ့ရက် - (၂၅-၁၁-၂၀၂၅)**
**အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချမည့် အချိန် - နံနက် ၉း၀၀နာရီ။**
**အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချမည့် နေရာ - ကျားခေါင်းဘိလပ်မြေစက်ရုံ တောင်တော်ကွင်း၊ ကျောက်ဆည်မြို့။**

(ခ) အိတ်ဖွင့်လေလံဖြင့် ရောင်းချမည့်ပစ္စည်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

**Auction 07/01**

(၁) မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ၁၁၅လမ်းနှင့်၇၄(အေ)လမ်းထောင့်၊ အမှတ်(သ-၁၅/၂၄)၊ ဧရိယာ(၀ ဒသမ ၁၈၄)ဧကရှိ နှစ်(၃၀)ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်၊

**လေလံကြမ်းခင်းဈေး ငွေကျပ်(၅,၆၀၀,၀၀၀,၀၀၀/-) (ကျပ်သိန်းငါးသောင်းခြောက်ထောင်တိတိ)**
**မှတ်ချက်။ ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများ မြီရှင်ထံတွင် ရှိပါသည်။**

(၂) မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ကျွဲနဖားကျေးရွာ၊ ဧရိယာ(၉ ဒသမ ၉၁)ဧကရှိ နှစ်(၆၀)ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်၊

**လေလံကြမ်းခင်းဈေး ငွေကျပ် (၅,၂၀၀,၀၀၀,၀၀၀/-) (ကျပ်သိန်းငါးသောင်းနှစ်ထောင်တိတိ)**
**မှတ်ချက်။ ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများ မြီရှင်ထံတွင် ရှိပါသည်။**

**Auction 07/02**

(၃) မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့၊ သံရွာကျေးရွာအုပ်စု၊ တောင်တော်ကွင်း၊ ဧရိယာ(၃၉ ဒသမ ၄)ဧကရှိ OA (အခြားမြေ)နှင့် ယင်းမြေပေါ်ရှိ အဆောက်အအုံများ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်၊

**လေလံကြမ်းခင်းဈေး ငွေကျပ်(၂,၆၀၀,၀၀၀,၀၀၀/-) (ကျပ်သိန်းနှစ်သောင်းခြောက်ထောင်တိတိ)**

(၄) မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့၊ တောင်တော်ကျေးရွာအုပ်စု၊ နောင်ခမ်းကွင်း၊ ဧရိယာ(၁၀ ဒသမ ၉၄)ဧကရှိ ယာမြေ(သရက်ခြံ)နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်၊

**လေလံကြမ်းခင်းဈေး ငွေကျပ်(၃၈၀,၀၀၀,၀၀၀/-) (ကျပ်သိန်းသုံးထောင့်ရှစ်ရာတိတိ)**

(၅) မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ရွှေစာရံကျေးရွာအုပ်စု၊ ကျွဲနဖားတောင်၊ အကွက်အမှတ်(၅၆၂)၊ ဧရိယာ(၂ ဒသမ ၀၈)ဧကရှိ ယာမြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်၊

**လေလံကြမ်းခင်းဈေး ငွေကျပ်(၂၃၀,၀၀၀,၀၀၀/-) (ကျပ်သိန်းနှစ်ထောင့်သုံးရာတိတိ)**

(၆) မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ရွှေစာရံကျေးရွာအုပ်စု၊ ကျွဲနဖားတောင်၊ အကွက်အမှတ်(၅၆၂)၊ ဧရိယာ(၂ ဒသမ ၆၄)ဧကရှိ ယာမြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်၊

**လေလံကြမ်းခင်းဈေး ငွေကျပ်(၂၉၀,၀၀၀,၀၀၀/-) (ကျပ်သိန်းနှစ်ထောင့်ကိုးရာတိတိ)**

(၇) မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ရွှေစာရံကျေးရွာအုပ်စု၊ ကျွဲနဖားတောင်၊ အကွက်အမှတ်(၅၆၂)၊ ဧရိယာ(၃ ဒသမ ၇)ဧကရှိ မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်၊

**လေလံကြမ်းခင်းဈေး ငွေကျပ်(၄၄၀,၀၀၀,၀၀၀/-) (ကျပ်သိန်းလေးထောင့်လေးရာတိတိ)**

(၈) မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ရွှေစာရံကျေးရွာအုပ်စု၊ ကျွဲနဖားတောင်၊ ဧရိယာ(၁)ဧကရှိ မြေနုကျွန်းမြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်၊

**လေလံကြမ်းခင်းဈေး ငွေကျပ်(၈၀,၀၀၀,၀၀၀/-) (ကျပ်သိန်းရှစ်ရာတိတိ)**

**Auction 07/03**

(၉) ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပေါက်ကံမြို့သစ်၊ (၁၂)ရပ်ကွက်၊ အောင်သိဒ္ဓိ(၆)လမ်းနှင့် အောင်မင်္ဂလာလမ်းသွယ်၊ အကွက်အမှတ်(၁၂/၁၁၃၃)နှင့် (၁၂/၁၁၃၄)၊ ဧရိယာ(၀ ဒသမ ၁၁)ဧက၊ (၄၈၀၀)စတုရန်းပေရှိ ပါမစ်မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်၊

**လေလံကြမ်းခင်းဈေး ငွေကျပ်(၄၈၀,၀၀၀,၀၀၀/-) (ကျပ်သိန်းလေးထောင့်ရှစ်ရာတိတိ)**
**မှတ်ချက်။ ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများ မြီရှင်ထံတွင်ရှိပါသည်။**

(၁၀) ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပေါက်ကံမြို့သစ်၊ (၁၂)ရပ်ကွက်၊ အောင်သိဒ္ဓိ(၆)လမ်းနှင့် အောင်မင်္ဂလာလမ်းသွယ်၊ အကွက်အမှတ်(၁၂/၁၁၃၆)၊ ဧရိယာ(၀ ဒသမ ၀၅၅)ဧက၊ (၂၄၀၀)စတုရန်းပေရှိ ပါမစ်မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်၊

**လေလံကြမ်းခင်းဈေး ငွေကျပ်(၂၀၀,၀၀၀,၀၀၀/-) (ကျပ်သိန်းနှစ်ထောင်တိတိ)**
**မှတ်ချက်။ ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများ မြီရှင်ထံတွင်ရှိပါသည်။**

**Auction 07/04**

(၁၁) Office Supplies (ရုံးသုံးပရိဘောဂများနှင့် အခြားပစ္စည်းများ)

**လေလံကြမ်းခင်းဈေး ငွေကျပ်(၄၀,၀၀၀,၀၀၀/-) (ကျပ်သိန်းလေးရာတိတိ)**

### လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ

၂။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ UE Export Import Company Limited (တရားရုံးအမိန့်အရ စာရင်းရှင်းလင်းဖျက်သိမ်းဆဲ)က စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံသို့ တင်ပြချက်အရ သိရှိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း၊ တစ်ခုခုပေါ်ပေါက်ပါက အိတ်ဖွင့်လေလံကျင်းပရေးကော်မတီက တာဝန်ယူမည်မဟုတ်ပါ။ UE Export Import Company Limited (တရားရုံးအမိန့်အရ စာရင်းရှင်းလင်းဖျက်သိမ်းဆဲ)၏ အကျိုးသက်ဆိုင်ရာသမျှကိုသာ ရောင်းချလိမ့်မည်ဖြစ်ကြောင်း လေလံဆွဲဝယ်ယူမည့်သူတို့အား အထူးသတိပြုရန် နှိုးဆော်လိုက်သည်။

၃။ အိတ်ဖွင့်လေလံတင်သွင်းခွင့်လျှောက်လွှာနှင့် စည်းကမ်းချက်တစ်စုံလျှင် ကျပ်(၁၀၀,၀၀၀/-)နှုန်း ငွေသားဖြင့် သတင်းစာ၌ပါလာသည့်ရက်မှစ၍ (၁၆-၁၁-၂၀၂၅)ရက်အတွင်း UE Export Import Company Limited (တရားရုံးအမိန့်အရ စာရင်းရှင်းလင်းဖျက်သိမ်းဆဲ)အမှတ်(သ-၁၅/၂၄)၊ ၁၁၅လမ်းနှင့်၇၄(အေ)လမ်းထောင့်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့တွင် ဝယ်ယူနိုင်ပါသည်။

၄။ လေလံတင်ရောင်းချမည့် ပစ္စည်းများအတွက် အိတ်ဖွင့်လေလံတင်သွင်းလိုသူသည် သတ်မှတ်ထားသော လျှောက်လွှာပုံစံတွင်ဖြည့်စွက်၍ **Auction 07/01, 07/02, 07/3** အတွက် သမာဓိအာမခံကြေးငွေ(Earnest Money) (ကျပ် ၂၀၀,၀၀၀,၀၀၀/-)ကျပ် သိန်းနှစ်ထောင်တိတိ)၊ **Auction 07/04** သမာဓိအာမခံကြေးငွေ(Earnest Money) (ကျပ် ၃၀,၀၀၀,၀၀၀/-)ကျပ် သိန်းသုံးရာတိတိ)တို့အား အိတ်ဖွင့်လေလံကျင်းပရေးကော်မတီ UE Export Import Company Limited (တရားရုံးအမိန့်အရ စာရင်းရှင်းလင်းဖျက်သိမ်းဆဲ)ထံသို့ (၁၇-၁၁-၂၀၂၅)ရက်မှ (၂၁-၁၁-၂၀၂၅)အတွင်း UE Export Import Company Limited (တရားရုံးအမိန့်အရ စာရင်းရှင်းလင်းဖျက်သိမ်းဆဲ)အမှတ်(သ-၁၅/၂၄)၊ ၁၁၅လမ်းနှင့်၇၄(အေ)လမ်းထောင့်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့တွင် ငွေသားဖြင့် ပေးသွင်းရမည်။

၅။ အိတ်ဖွင့်လေလံဖွင့်မည့် (၂၅-၁၁-၂၀၂၅)တွင် သမာဓိအာမခံကြေးငွေ ပေးသွင်းသူကိုယ်တိုင် တက်ရောက်၍သော်လည်းကောင်း၊ သို့မဟုတ် တရားဝင်ကိုယ်စားလှယ်စာဖြင့်သော်လည်းကောင်း တက်ရောက်နိုင်သည်။

၆။ အိတ်ဖွင့်လေလံပစ်မည့်မြေများ၏ ပိုင်ဆိုင်မှုစာရွက်စာတမ်းများ၊ Office Supplies (ရုံးသုံးပရိဘောဂများနှင့် အခြားပစ္စည်းများ)၏ စာရင်းအချက်အလက်များအား (၁၇-၁၁-၂၀၂၅)ရက်မှ (၂၁-၁၁-၂၀၂၅) အထိ ရုံးချိန်အတွင်း ကျွဲဆည်ကန်ရုံးတွင် ကြည့်ရှုနိုင်ပါသည်။

၇။ အသေးစိတ်သိရှိလိုပါက လူကိုယ်တိုင်သော်လည်းကောင်း၊ အောက်ပါတယ်လီဖုန်းနံပါတ်များသို့ စုံစမ်းနိုင်ပါသည်။

ဖုန်း ၀၉-၇၅၈၂၁၁၁၈၊ ၀၉-၇၅၈၂၁၁၁၉

**ဒေါ်ချိုချိုမြင့်**
**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ**
**ဥက္ကဋ္ဌ**
**အိတ်ဖွင့်လေလံကျင်းပရေးကော်မတီ**
**UE Export Import Company Limited**
**(တရားရုံးအမိန့်အရ စာရင်းရှင်းလင်းဖျက်သိမ်းဆဲ)**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၁၈)၊ ဦးပိုင်နံပါတ်(၁၂၅)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက၊ ပေ(၃၀×၄၀)အကျယ်အဝန်းရှိ မြေကွက်မှာ ဦးသိန်းနိုင်ဝင်းနှင့် ဒေါ်ဂျမ်းတို့ အမည်များဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်ဖြစ်ပါသည်။ အထက်ပါမြေကွက်၏ အနောက်ဘက်ခြမ်း (၁၅ပေ×ပေ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၁)ထပ်အိမ်(ရေ+မီးအပါအဝင်)၏ နေထိုင်ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုကြေညာဝန်ခံကတိပြုသူဖြစ်သည့် ဦးအောင်ငွေးကြည်(ဘ)ဦးပေစံ(၅/ယမပ(နိုင်)၀၄၄၇၃၄)ထံက ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးနေဇော်ဦး (LL.B)**
**(တရားလွှတ်တော်ရှေ့နေ)**
**(ဖဖ-၄)၊ ထွန်းတုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၃၁၈၅၉၁၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၇၈)၊ ဦးပိုင်နံပါတ်(၁၀)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀×၄၀)အကျယ်အဝန်းရှိ မြေကွက်မှာ ဦးညိုရင်(ဘ)ဦးရေပေါ(၅/မမတ(နိုင်)၀၀၇၉၂၈)အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်ဖြစ်ပါသည်။ အထက်ပါမြေကွက်ထဲမှ တောင်ဘက်အခြမ်းပေ(၃၀×၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ နေထိုင်ပိုင်ဆိုင်ခွင့်အကျိုးခံစားခွင့် အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုကြေညာဝန်ခံကတိပြုသူဖြစ်သည့် ဒေါ်ခင်မာငွေး(ဘ)ဦးတုတ်(၅/တဆန(နိုင်)၀၀၅၀၇၈)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးနေဇော်ဦး (LL.B)**
**(တရားလွှတ်တော်ရှေ့နေ)**
**(ဖဖ-၄)၊ ထွန်းတုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၃၁၈၅၉၁၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ရတနာပုံရပ်ကွက်၊ အကွက်အမှတ်(တတ-၅၈)၊ ဦးပိုင်နံပါတ်(၆၃+၆၄)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၁၁၀၂)ဧက ပေ(၈၀×၄၀)အကျယ်အဝန်းရှိ မြေကွက်မှာ ဦးခင်မောင်စိုး(ဘ)ဦးစောမောင်(၈/မကန(နိုင်)၀၂၃၃၁၉)အမည်ဖြင့် ဂရန်ရရှိထားသည့် မြေကွက်ဖြစ်ပါသည်။ အထက်ပါမြေကွက်နှင့် ယင်းမြေကွက်၏ နေထိုင်ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုကြေညာဝန်ခံကတိပြုသူဖြစ်သည့် ဦးဝင်းထွန်း(ဘ)ဦးရှင်ချုန်း(၉/မရတ(နိုင်)၁၀၇၂၈၈)ထံက ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးနေဇော်ဦး (LL.B)**
**(တရားလွှတ်တော်ရှေ့နေ)**
**(ဖဖ-၄)၊ ထွန်းတုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၃၁၈၅၉၁၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဓဓ-၃၄)၊ ဦးပိုင်နံပါတ်(၁၀၄)ဟု ခေါ်တွင်သော မြေဧရိယာ (၀.၀၂၇၅)ဧက၊ ပေ(၃၀×၄၀)အကျယ်အဝန်းရှိ ဦးစန်းအောင်အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ အရှေ့ဘက်ခြမ်း (၁၅ပေ×ပေ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးကျော်မြင့်ထွန်း(ဘ)ဦးသိန်း(၉/မရမ(နိုင်)၀၈၆၂၀၉)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**

**ဒေါ်အေးစုထွန်း (LL.B , LL.M , D.B.L)** — တရားလွှတ်တော်ရှေ့နေ
**ဒေါ်မာမာငွေး(LL.B)** — တရားလွှတ်တော်ရှေ့နေ

**၅၄လမ်း၊ ၁၁၂လမ်းနှင့် ၁၁၂(ဘီ)လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၀၂၆၀၆၀၄၁၊ ၀၉-၄၀၂၆၇၀၄၄၇**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေး၊ အောင်သာယာရပ်ကွက်နေ (ဘ)ဦးညီလေး၏ သား **မောင်နိုင်လင်းနှင့် မောင်ရန်နိုင်လင်း**သည် အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်၊ အခြေခံပညာအထက်တန်းအောင်လက်မှတ်အရ တစ်ဦးတည်းဖြစ်ပါကြောင်း။

**မောင်နိုင်လင်း(ခ)မောင်ရန်နိုင်လင်း**
**၈/နမန(နိုင်)၁၈၀၉၄၂**

## ပျောက်ဆုံးကြောင်း

ဦးသောင်းထွန်း(ဘ)ဦးရင်ရှင် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မကန(နိုင်)၁၉၁၃၉၇)ကိုင်ဆောင်သူ၏ Passport No.196633 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဦးသောင်းထွန်း**
**ဖုန်း ၀၉-၆၉၈၆၇၄၂၂၉**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၁၅)၊ ဦးပိုင်နံပါတ်(၄၁)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀×၄၀) အကျယ်အဝန်းရှိ ဒေါ်ငွေငွေမြင့် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ တောင်ဘက်အစွန်ဆုံးအခြမ်း(၁၅ပေ×ပေ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ခင်လေး(ဘ)ဦးသောင်း(၉/မနတ(နိုင်)၀၈၁၆၅၆)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဦးတင်အောင်မိုး (LL.B, LL.M)** — တရားလွှတ်တော်ရှေ့နေ
**ဒေါ်အိအိမွန် (LL.B, LL.M)** — တရားလွှတ်တော်ရှေ့နေ
**ဒေါ်ယုသစင်အောင် (LL.M)** — တရားလွှတ်တော်ရှေ့နေ
**ဦးကြည်ယံ (LL.M)** — အထက်တန်းရှေ့နေ
**ဦးစည်သူအောင် (LL.B)** — အထက်တန်းရှေ့နေ
**ဒေါ်သဲမိုမိုထွန်း (LL.B)** — အထက်တန်းရှေ့နေ

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ရန်မျိုးလုံရပ်ကွက်၊ အကွက်အမှတ်(၇၅၀)၊ ဦးပိုင်နံပါတ်(၄၂)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၀၇)ဧက အကျယ်အဝန်းရှိ ဦးတင်မျိုးညွန့်၊ ဒေါ်ထက်သဉ္ဇာမျိုးညွန့်၊ ဒေါ်ယမင်းသဉ္ဇာမျိုးညွန့်နှင့် ဦးဝေယံမျိုးညွန့်တို့ ပူးတွဲ အမည်ပေါက် ဘိုးဘပိုင်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပူးတွဲအမည်ပေါက်သူများအနက် (ဖခင်)ဦးတင်မျိုးညွန့် ကွယ်လွန်သွားခဲ့သဖြင့် လက်ရှိအမွေဆက်ခံပူးတွဲပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူများဖြစ်ကြသည့် ဒေါ်ခင်စန်းမြင့်(၉/ခအဇ(နိုင်)၀၅၃၃၁၈)၊ ဒေါ်ထက်သဉ္ဇာမျိုးညွန့်(၉/ခအဇ(နိုင်)၀၂၁၆၈၈)၊ ဒေါ်ယမင်းသဉ္ဇာမျိုးညွန့်(၉/ခအဇ(နိုင်)၀၅၇၇၈၆) နှင့် ဦးဝေယံမျိုးညွန့်(၉/ခအဇ(နိုင်)၀၅၇၇၈၇)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဦးတင်အောင်မိုး (LL.B, LL.M)** — တရားလွှတ်တော်ရှေ့နေ
**ဒေါ်အိအိမွန် (LL.B, LL.M)** — တရားလွှတ်တော်ရှေ့နေ
**ဦးဝေဖြိုးသူ (LL.M)** — တရားလွှတ်တော်ရှေ့နေ
**ဦးကြည်ယံ (LL.M)** — အထက်တန်းရှေ့နေ
**ဦးမျိုးထက်လင်း (LL.B)** — အထက်တန်းရှေ့နေ
**ဒေါ်ရွှေရည်ဝင်း (LL.B)** — အထက်တန်းရှေ့နေ

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၇၉၈၄၇၆၃၀၂**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၉)၊ ဦးပိုင်နံပါတ်(၉)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၆၂)ဧက၊ (ပေ၆၀×၄၅ပေ) အကျယ်အဝန်းရှိ ဒေါက်တာ ဒေါ်နုနု အမည်ပေါက် ဂရန်မြေကွက်၏ မြောက်ဘက်ခြမ်း (ပေ၃၀×၄၅ပေ)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ရှောက်စန်(ဘ)ဦးလောက်တာ(၁၃/လရန(နိုင်)၀၈၆၆၄၀)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဦးတင်အောင်မိုး (LL.B, LL.M)** — တရားလွှတ်တော်ရှေ့နေ
**ဒေါ်အိအိမွန် (LL.B, LL.M)** — တရားလွှတ်တော်ရှေ့နေ
**ဒေါ်ယုသစင်အောင် (LL.M)** — တရားလွှတ်တော်ရှေ့နေ
**ဦးကြည်ယံ (LL.M)** — အထက်တန်းရှေ့နေ
**ဦးစည်သူအောင် (LL.B)** — အထက်တန်းရှေ့နေ
**ဒေါ်သဲမိုမိုထွန်း (LL.B)** — အထက်တန်းရှေ့နေ

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဓဓ-၇)တွင် တည်ရှိသော ဦးပိုင်အမှတ်(၉၁)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဒေါ်ခင်သိန်းဦး အမည်ပေါက်ရှိသော ဂရန်မြေကွက်၏ နေထိုင်ပိုင်ဆိုင်ခွင့်၊ မြေပေါ်ရှိ သွပ်မိုး(၂)ထပ်အဆောက်အအုံ၊ သွယ်တန်းတပ်ဆင်ထားသော အိမ်သုံးလျှပ်စစ်မီတာနှင့် ရေမီတာတို့၏ ဆက်လက်သုံးစွဲခွင့်အပါအဝင် မြေပေါ်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါသည်ဟု အဆိုပြုကမ်းလှမ်းရောင်းချသူ ဒေါ်ခင်မာလာ(ဘ)ဦးစံလှ(၉/မနမ(နိုင်)၀၉၇၁၆၂)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက အထောက်အထားပြုသည့် စာချုပ်စာတမ်းများနှင့်တကွ ဤကြေညာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးငွေအောင် (ဥပဒေဘွဲ့)** — တရားလွှတ်တော်ရှေ့နေ
**ဦးလှဝေ (B.A, H.GP)** — အထက်တန်းရှေ့နေ
**ဦးနိုင်လင်း (LL.B)** — တရားလွှတ်တော်ရှေ့နေ
**ဦးအောင်ဇော်မြင့် (LL.B)** — တရားလွှတ်တော်ရှေ့နေ
**ဒေါ်ခင်ပြုံးဝင်း (LL.B)** — တရားလွှတ်တော်ရှေ့နေ
**ဦးမင်းချစ်သူ (LL.B)** — အထက်တန်းရှေ့နေ
**ဒေါ်စာဖြူဝင်း (LL.B)** — တရားလွှတ်တော်ရှေ့နေ

**၂၈လမ်းနှင့်လမ်း၇၀ထောင့်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ၀၉-၂၀၂၂၄၄၀၊ ၀၉-၂၀၃၇၇၇၃၊ ၀၉-၉၇၅၃၀၂၇၀၈**

## နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်နေ ကျွန်ုပ်၏မိတ်ဆွေ ဦးပိုင်ဖြိုးဝင်းနှင့် ဒေါ်ဇင်မီမီမျိုးတို့မှာ (၁၀-၅-၂၀၂၅)ရက်မှစတင်ပြီး အကြင်လင်မယားအဖြစ် လက်ထပ်ပေါင်းသင်းခဲ့ပါသည်။ ကျွန်ုပ်၏အမှုသည် ဦးပိုင်ဖြိုးဝင်းနှင့် ဒေါ်ဇင်မီမီမျိုးတို့မှာ (၂၇-၁၀-၂၀၂၅)ရက်တွင် အသိသက်သေများရှေ့မှောက်၌ ဆက်လက်ပေါင်းသင်းလိုခြင်းမရှိတော့ကြောင်း၊ အကြင်လင်မယားအဖြစ်မှ ရပ်စဲပြီးကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ညိုဇင်ထွန်း (LL.B) တရားလွှတ်တော်ရှေ့နေ**
**၇၁လမ်း၊ ၃၄လမ်းနှင့်၃၅လမ်းကြား၊ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၇၉၆၂၉၉၁၄၅၊ ၀၉-၈၉၉၂၃၉၆၆၄**

❖ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအထောက်အကူပြုနိုင်သည့်အင်အားများမှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး MSME လုပ်ငန်းများဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ခုနှစ်၊မေ ၂၀ ရက်နေ့တွင် ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးဒုတိယနေ့သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နှင့် စစ်ကိုင်းတိုင်းဒေသကြီး ကျောက်မြောင်းမြို့သို့ ဆက်သွယ်ထားသည့် ဧရာဝတီတံတား(ရတနာသိမ်)အား PDF အမည်ခံ အကြမ်းဖက်သမားများနှင့် ပူးပေါင်းအဖွဲ့များက မိုင်းထောင်ဖောက်ခွဲဖျက်ဆီး



PDF အမည်ခံ အကြမ်းဖက်သမားများနှင့် ပူးပေါင်းအဖွဲ့များ၏ မိုင်းထောင်ဖောက်ခွဲမှုကြောင့် ပျက်စီးခဲ့သည့် ဧရာဝတီတံတား(ရတနာသိမ်)ကို တွေ့ရစဉ်။

**နေပြည်တော် အောက်တိုဘာ ၂၉**

PDF အမည်ခံ အကြမ်းဖက်သမားများနှင့် ပူးပေါင်းအဖွဲ့များသည် တိုင်းပြည်တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန်နှင့် ဒေသတွင်းကုန်စည်စီးဆင်းမှုများ ပျက်ပြားစေရန် ရည်ရွယ်၍ အများပြည်သူသွားလာ အသုံးပြုလျက်ရှိသည့် လမ်း၊ တံတားများအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းများကို ယုတ်မာရိုင်းစိုင်းစွာ ဥပဒေမဲ့ကျူးလွန်လျက်ရှိကြရာ ယနေ့တွင် ရွှေဘို-ကျောက်မြောင်း-စဉ့်ကူး-မန္တလေးသွား ကားလမ်းပေါ်ရှိ ဧရာဝတီမြစ်ကူးတံတားတစ်စင်းဖြစ်သည့် ဧရာဝတီတံတား(ရတနာသိမ်)အား အကြမ်းဖက်သမားများက ယုတ်မာရိုင်းစိုင်းစွာ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း သိရသည်။

အဆိုပါတံတားသည် မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းခရိုင်၊ စဉ့်ကူးမြို့နှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ကျောက်မြောင်းမြို့ကို ဆက်သွယ်ထား၍ ပြည်သူလူထု၏ လမ်းပန်းဆက်သွယ်ရေးနှင့် ကုန်စည်စီးဆင်းမှုတို့အတွက် အဓိကအရေးပါသည့် တံတားတစ်စင်းဖြစ်ပြီး အဆိုပါတံတားအား အောက်တိုဘာ ၂၉ ရက်နံနက် ၆ နာရီ ၁၀ မိနစ်ခန့်တွင် PDF အမည်ခံ အကြမ်းဖက်သမားများနှင့် ပူးပေါင်းအဖွဲ့များက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့ခြင်းဖြစ်သည်။ မိုင်းပေါက်ကွဲမှုကြောင့် တံတား၏ ရေလယ်တိုင်များဖြစ်သည့် တိုင်အမှတ် RP4 နှင့် RPS တို့အကြားတွင်လည်းကောင်း၊ RP6-A2 ချဉ်းကပ်လမ်းနေရာတို့တွင်လည်းကောင်း၊ ကျိုးကျပျက်စီးခဲ့သည်။ ထိုသို့အကြမ်းဖက်သမားများ၏ အမြော်အမြင်မဲ့စွာ ဆင်ခြင်မှုမရှိသော ဖျက်လိုဖျက်ဆီးလုပ်ရပ်များကြောင့် ယခုအခါမော်တော်ယာဉ်များနှင့် ခရီးသွားပြည်သူများ ဖြတ်သန်းသွားလာနိုင်ခြင်း မရှိတော့ဘဲ ကုန်စည်စီးဆင်းမှုများ ရပ်တန့်လျက်ရှိကြောင်း သိရှိရသည်။

ဧရာဝတီတံတား(ရတနာသိမ်)သည် တံတားအရှည်ပေ ၂၄၈၀ (သံကူကွန်ကရစ်တံတား)၊ တံတားအကျယ် ၂၅ ပေ၊ လူသွားလမ်းဘယ်/ညာ ၃ ပေရှိပြီး တံတားဆောက်လုပ်ရေးအထူးအဖွဲ့-၁၄ မှ ၂၀၁၀ ပြည့်နှစ် ဧပြီ ၁၆ ရက်တွင် စီမံကိန်းစတင်ကာ ၂၀၁၃ ခုနှစ် ဇူလိုင် ၂၄ ရက်တွင် ဆောက်လုပ်ပြီးစီး၍ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ယခုအခါ PDF အမည်ခံ အကြမ်းဖက်သမားများနှင့် ပူးပေါင်းအဖွဲ့များက ဒေသတွင်း ကောင်းစားရေးဟု သုံးနှုန်း၍ အမှန်တကယ်တွင် ပြည်သူလူထု၏ လူမှုစီးပွားဘဝများ၊ လူအခွင့်အရေးများများစွာဆုံးရှုံးအောင် လုပ်ဆောင်နေကြသည့်အပေါ် ဒေသခံပြည်သူများက သိရှိနားလည်သဘောပေါက်လာကြပြီဖြစ်ပြီး ယခုကဲ့သို့ စစ်ရေးနှင့် သက်ဆိုင်ခြင်းမရှိသည့် ဧရာဝတီတံတား(ရတနာသိမ်)အား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့မှုအပေါ် ရှုံ့ချမုန်းတီးစွာ ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်းနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့်လည်း အဆိုပါတံတားအား ပြန်လည်ပြင်ဆင်ခြင်းလုပ်ငန်းများကို အမြန်ဆုံးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



PDF အမည်ခံ အကြမ်းဖက်သမားများနှင့် ပူးပေါင်းအဖွဲ့များ၏ မိုင်းထောင်ဖောက်ခွဲမှုကြောင့် ပျက်စီးခဲ့သည့် ဧရာဝတီတံတား(ရတနာသိမ်)ကို တွေ့ရစဉ်။

# AFC–JFA Pro License Diploma သင်တန်း (Elite Female Coaches ) Module 4 သို့ မြန်မာနည်းပြ ဒေါ်စန်းစန်းသိန်း တက်ရောက်



အာရှဘောလုံးအဖွဲ့ချုပ် AFC နှင့် ဂျပန်ဘောလုံးအဖွဲ့ချုပ် JFA တို့ပူးပေါင်းကျင်းပသည့် AFC–JFA Pro Diploma Course for Elite Female Coaches ၏ နောက်ဆုံးအဆင့်ဖြစ်သည့် Module 4 သင်တန်းကို အောက်တိုဘာ ၂၆ ရက်တွင် ကျင်းပခဲ့ရာ မြန်မာမှ နည်းပြ ဒေါ်စန်းစန်းသိန်း တက်ရောက်လျက်ရှိသည်။

ယခု Module သည် သင်တန်း၏ နောက်ဆုံးအဆင့်ဖြစ်ပြီး ရက်ပေါင်း ရှစ်ရက်ကြာ တက်ရောက်ရမည်ဖြစ်သည်။ ပထမနေ့တွင် ဂျပန် အမျိုးသမီးလိဂ် WE League Cup ပြိုင်ပွဲမှ Cerezo Osaka Yanmar Ladies နှင့် Nojima Stella Kanagawa အကြား ပွဲစဉ်ကို သုံးသပ်ဆန်းစစ်ခြင်းများ ပြုလုပ်ခဲ့ကြသည်။

တက်ရောက်သူတိုင်းအား မိမိတို့၏ ပြိုင်ပွဲဆန်းစစ်အစီရင်ခံစာကို ပြင်ဆင်တင်ပြရန်နှင့် နောက်ပွဲအတွက် Session Plan တစ်ခုကို ပြုစုရန် တာဝန်ပေးခြင်းခံခဲ့ကြသည်။ သင်တန်း အစီအစဉ်အပေါ်အခြေခံ၍ လက်တွေ့သင်ကြားမှု (Practical Session) ကို ဆောင်ရွက်မည်ဖြစ်ပြီး ပြန်လည်သုံးသပ်သွားမည်ဖြစ်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ ဒေါ်စန်းစန်းသိန်းအနေဖြင့် ကိုယ်တိုင်ပြုစုထားသည့် စာတမ်း"ISPE Women's FC Long-Term Strategic Plan 2026–2031" ရှင်းလင်းတင်ပြခဲ့သည်။ နည်းပြ ဒေါ်စန်းစန်းသိန်းအနေဖြင့် သင်တန်းကာလအတွင်း လက်တွေ့သင်ကြားမှု အကဲဖြတ်ခြင်း (Practical Assessment)ကိုလည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

သင်တန်းအပြီးတွင် တက်ရောက်သူများအား Certificate of Attendance ကို သင်တန်းတက်ရောက်ပြီးဆုံးမှုအဖြစ် ပေးအပ်သွားမည်ဖြစ်ပြီး အပြီးသတ် Diploma အား AFC နှင့် JFA တို့၏ နောက်ဆုံးအကဲဖြတ်မှု ပြီးဆုံးမှသာ ထုတ်ပေးသွားမည်ဖြစ်သည်။

**(NGB)**